ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ သောကြာနေ့ (1-8-2003) (၃၉၄၉)

နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

သိသာစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေ

ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံး ကွက်လပ်မကျန် တစ်ချိန်တည်း တစ်ပြိုင်တည်း မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ကို ဆက်စပ်အကောင်အထည်ဖော်လျက်ရှိသဖြင့် ပြည်နယ်၊တိုင်း နယ်မြေအသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့သည် သိသာစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေ။

ရေလမ်းဖြင့် ညအိပ်ညနေ သွားလာခဲ့ရသော ဧရာဝတီတိုင်း ငါးခရိုင်တို့ ယခု ကုန်းလမ်းဖြင့်သွားလာနိုင်ပြီ ဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး အမြန်ဆုံးလုပ်ကိုင်နေသည်မှာ ယင်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို ပြည်သူများ မြန်မြန်ဆန်ဆန် ခံစားစေလို၍ဖြစ် သံပေါင်ကြိုးတံတားအမျိုးအစား ပုသိမ်တံတားကို အမြန်ပြီးစီးအောင် အားထုတ်တည်ဆောက်မည်

ရန်ကုန်　　ဇူလိုင်　　၃၁

ဧရာဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်အရှေ့ဘက်ကမ်း မရမ်းချောင်းကျေးရွာနှင့် မြစ်အနောက်ဘက် ကမ်းနီကျေးရွာကို ဆက်သွယ်တည်ဆောက်မည့် ငဝန်မြစ်ကူး ပုသိမ်တံတား ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက် ၇နာရီတွင် မရမ်းချောင်းကျေးရွာအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်ပြီး ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားကာ ရတနာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးသည်။

တက်ရောက်

ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ အစိုးရအဖွဲ့ – အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ ယနေ့ ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပသည့် ငဝန်မြစ်ကူး ပုသိမ်တံတားသည် ပုသိမ်–ရွှေမြင်တင်–ဝါးယားချောင်းလမ်းပေါ်၌ တည်ရှိပြီး ငဝန်မြစ်၏အရှေ့ဘက်ကမ်း မရမ်းချောင်းကျေးရွာနှင့် ငဝန်မြစ်အနောက်ဘက် ကမ်းနီကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်မည့် တံတားဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ရတနာပိုင်တိုင်ရိုက်သွင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် ရတနာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍ ရိုက်သွင်းပေးစဉ်။
(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ　၂၂၄၆၆၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁-၈-၂၀၀၃
(သောကြာနေ့)

ဒေသအကျိုးနှင့် ပြည်သူ့အကျိုးစီးပွား တာဝန်သိသိ ကြိုးကြိုးစားစား ဆောင်ရွက်

နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများ၊ ဝန်ထမ်းများက အားသွန်ခွန်စိုက်လက်တွဲပါဝင် အကောင်အထည်ဖော်လျက်ရှိရာ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေကြပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၂၅ ရက်နှင့် ၂၆ ရက်တို့က စစ်ကိုင်းတိုင်း ကလေးမြို့နယ်နှင့် ကလေးဝမြို့နယ်တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ခရီးစဉ်အတွင်း ကလေးခရိုင် ပြည်သူ့ဆေးရုံ၊ ကလေးတက္ကသိုလ်၊ ကလေးမြို့ အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်၊ ကလေးဝမြို့ မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများအား တာဝန်သိသိ ကြိုးကြိုးစားစား ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ကလေးဒေသသည် စစ်ကိုင်းတိုင်းအတွင်းတည်ရှိသည့် တမူးဒေသ၊ မော်လိုက်ဒေသစသည့် နယ်မြေများအတွက်သာမက နယ်မြေချင်းဆက်စပ်လျက်ရှိသည့် ချင်းပြည်နယ်(မြောက်ပိုင်း)ရှိ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အတွက်ပါ အထောက်အကူပြုလျက်ရှိသော အခြေခံနယ်မြေ တစ်ခုဖြစ်သည်။

ယခုအခါ ကလေးတက္ကသိုလ်နှင့် ကလေးမြို့ရှိ ကောလိပ်များတွင် ချင်းပြည်နယ်(မြောက်ပိုင်း)မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ ကလေးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌လည်း ချင်းပြည်နယ်မှ မမာမကျန်းသူများ အပါအဝင် လူနာပေါင်း ၂၀၀ကျော် ဆေးဝါးကုသမှု ခံယူလျက်ရှိကြသည်။

ကလေးမြို့သည် စစ်ကိုင်းတိုင်းအတွင်းရှိ ခရိုင်မြို့တစ်မြို့ ဖြစ်သော်လည်း အိမ်နီးချင်း တစ်ဖက်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်နိုင်မှုများ၊ ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေး တိုးချဲ့ဆောင်ရွက်နိုင်မည့် အလားအလာများကြောင့် ကလေးဒေသသည် ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာကောင်းများ ရှိနေပေသည်။

ကလေးစက်မှုဇုန်သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ အဆိုပါ စက်မှုဇုန်မှ ထုတ်လုပ်သော ဂျစ်ကားများသည် ကလေးဒေသ၌သာမက ချင်းပြည်နယ်ဒေသအသီးသီး၌ပါ အသုံးတည့်လျက်ရှိကြောင်းသိရသည်။ ကလေးဒေသတွင်း စိုက်ပျိုးရေရရှိရေး စီမံကိန်းများကြောင့် စိုက်ပျိုးမြေဧကများ တိုးတက်ရရှိလျက်ရှိသည်။

ထို့အပြင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဇီးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဆက်လက်၍ ရာဇဂြိုဟ်ရေလှောင်တမံနှင့် ရေအားလျှပ်စစ်စီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော်လျက်ရှိရာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာနိုင်မည်ဖြစ်ပေသည်။

ကလေးဝမြို့တွင် မြစ်သာတံတား(ကလေးဝ)ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါ တံတားသည် မုံရွာ-အလုံ-ယားကြီး-မြို့မ-ကလေးဝလမ်းတွင် တည်ရှိပြီး ကလေးဝမြို့နှင့် မြစ်သာမြစ် တစ်ဖက်ကမ်းရှိ ရှမ်းတပ်ရွာတို့ကို ဆက်သွယ် တည်ဆောက်လျက်ရှိသည်။ ကလေးဝ-ကလေး-တမူးလမ်းနှင့် ကလေးဝ-မုံရွာလမ်းတို့ကို တစ်ဆက်တစ်စပ်တည်း ဖြစ်စေသည်သာမက ချင်းပြည်နယ်နှင့်လည်း ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူစေရေးကို များစွာအထောက်အကူပြုမည့် တံတားဖြစ်သည်။

သို့ဖြစ်ရာ စီးပွားရေး၊ လူမှုရေး၊ ပထဝီအနေအထားအရ အချက်အချာကျနေသော ကလေးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က စီမံဖြည့်ဆည်းတည်ဆောက်ပေးမှုများနှင့်အညီ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူနှင့် ဝန်ထမ်းများက မိမိတို့ဒေသအကျိုး၊ ပြည်သူ့အကျိုးစီးပွား တိုးတက်ရေးလုပ်ငန်းများကို တာဝန်သိသိ ကြိုးကြိုးစားစား ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၆ခုနှစ်မှ ၂၀၀၂ခုနှစ်အတွင်း စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ် ၁၂၁ဦးတို့အား ၎င်းတို့နှင့်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှိုင်ဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်ခဲ့သော စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ၃၆ဦး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၂ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၄၅ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ သုံးဦး၊ သစ်တောရေးရာဝန်ကြီးဌာနမှ နှစ်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ နှစ်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ တစ်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လေးဦး၊ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ နှစ်ဦးနှင့် မိုင်းဖြတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လေးဦး၊ စုစုပေါင်း ၁၂၁ဦးတို့အား ၎င်းတို့နှင့် သက်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည်။

အဆိုပါ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသူများတွင် ရဲသူရတံဆိပ်ရရှိသူ ရှစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူ ၃၅ဦး၊ ရဲသူရိန်တံဆိပ် ရရှိသူ ၄၉ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ ၁၆ဦး၊ ရဲကျော်သူတံဆိပ်ရရှိသူ ၁၃ဦးတို့ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းစဉ်။

(သတင်းစဉ်)

ကျိုက်လတ်မြို့နယ်အသင်းသို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၁

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)၏ ရုံးအဆောက်အအုံအတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ညနေ ၆နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည်။

ဆက်လက်၍ အသင်းအဆောက်အအုံအတွက် အလှူငွေများပေးအပ်ပွဲ ကျင်းပရာအလှူရှင် ၄၀ဦးတို့က အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အသင်းဦးစီးနာယကများက လက်ခံကြပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

ဆေးပညာနှီးနွှယ် တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ရန်ကုန် ဇူလိုင် ၃၁

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲတို့ဖြင့် အောင်မြင်သူများသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ်၊ ဆေးဘက်ပညာသည် တက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် အခြေခံကျန်းမာရေး တက္ကသိုလ်များသို့ လျှောက်ထားရန်အတွက် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန(ရုံးချုပ်)၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးရုံးများနှင့် သက်ဆိုင်ရာ တက္ကသိုလ်များ၌ ဩဂုတ် ၄ရက်တွင် ရယူပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်း မူရင်းနှင့်အတူ စက်တင်ဘာ ၁၉ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

အသေးစိတ် သိရှိလိုပါက ဆေးသိပ္ပံပညာဦးစီးဌာန ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းထောင့် လသာမြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၂၄၁၇၈၃ နှင့် ၂၄၂၈၅၅၊ လိုင်းခွဲ ၁၀၅၊ ၁၄၁၊ ၁၄၂နှင့် ၁၄၃တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၃ မှ ၇-၈-၂၀၀၃ထိ)

World Breastfeeding Week

(1-8-2003 to 7-8-2003)

Breastfeeding in a Globalised World-for peace and justice

နို့ချိုတိုက်ကျွေး၊ ကမ္ဘာ့ရင်သွေး၊ ငြိမ်းအေးမျှတ၊ ကလေးသူငယ်ဘဝ

ကျန်းမာရေးဝန်ကြီးဌာန

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အစိုးရ မူဝါဒများ အထက်လွှတ်တော်အမတ်များ ဝေဖန်ပုတ်ခတ်

ဝါရှင်တန် ဇူလိုင် ၂၉

အမေရိကန်သမ္မတဘုရှ် အစိုးရအနေဖြင့် အီရတ်ပြန်လည်တည်ဆောက်ရေး ကုန်ကျစရိတ်ကို အသေးစိတ်ရှင်းမပြနိုင်ခြင်းနှင့် အခြားသော ခြိမ်းခြောက်မှုများကိုဘေးချိတ်၍ အီရတ်၏ အကြမ်းဖက်မှုအခန်းကဏ္ဍအပေါ်တွင် အာရုံရောက်နေမှုတို့အတွက် ရီပတ်ဗလီကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီနှစ်ရပ်စလုံးမှ အထက်လွှတ်တော်အမတ်များက အင်္ဂါနေ့၌ အစိုးရအားဝေဖန်ပုတ်ခတ်ပြောဆိုကြသည်။

စွပ်စွဲ

တစ်ခါတစ်ရံတွင် အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီရှေ့မှောက်၌ ဒုတိယကာကွယ်ရေးဝန်ကြီးပေါလ်ဝုဖိုဝစ်နှင့် အချေအတင် ပြောဆိုစဉ်တွင် အမေရိကန်အစိုးရသည် အီရတ်တည်ငြိမ်ရေး အခြေအနေ၊ အီရတ်တွင် အမေရိကန်တပ်များ ရှည်ကြာစွာထားရန် လိုအပ်မှုတို့နှင့်စပ်လျဉ်း၍ လျှော့ပေါ့ပြောနေသည်ဟု ကော်မတီဝင် အမတ်များက စွပ်စွဲသည်။

ယုံကြည်မှုမရှိ

စစ်ပွဲမှကျန်ရစ်သော သဘာဝမကျသည့် မျှော်မှန်းချက်များ၊ ဗျူရိုကရေစီဖင့်နွှေးမှုနှင့် နိုင်ငံရေးသတိတို့ပေါင်းစပ်ဖွဲ့စည်းနေသည့်အတွက် မိမိတို့သည် အီရတ်၌လျှောက်လှမ်းရသည့်လမ်းအပေါ် ယုံကြည်မှုမရှိသည့်သဏ္ဌာန်ပေါက်နေကြောင်းဖြင့် အထက်လွှတ်တော်နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အင်ဒီယာနာပြည်နယ် ရီပတ်ဗလီကန် အထက်လွှတ်တော်အမတ်ရစ်ချတ်ကူဘာက ဝေဖန်ပြောကြားသည်။ အစိုးရအဖွဲ့ဝင်များအနေဖြင့် ယခုအခါတွင် သိရှိသမျှကို ထုတ်မပြောလျှင် အမေရိကန်ပြည်သူတို့၏ ယုံကြည်မှုဆုံးရှုံးသွားနိုင်သည်ဟု ထင်မြင်ယူဆကြောင်းဖြင့် ဒီလာဝဲယားပြည်နယ် ဒီမိုကရက်တစ်အထက်လွှတ်တော် အမတ် ဂျိုးဘီဒင်က ပြောကြားလိုက်သည်။

ငြင်းဆို

အီရတ်၏ အခြေအနေမှာ မတည်ငြိမ်လွန်းသည့်အတွက် ကုန်ကျစရိတ်ကို မခန့်မှန်းနိုင်ဟူသော ၎င်းတို့၏ သဘောထားပြောင်းလဲရန် ဒုတိယကာကွယ်ရေး ဝန်ကြီးပေါလ်ဝုဖိုဝစ်နှင့် အိမ်ဖြူတော်ဘတ်ဂျက် ညွှန်ကြားရေးမှူးဂျိုရှုအာဘိုလ်တန်တို့က ငြင်းဆိုကြသည်။

အီရတ်၌ ယခုတိုင် တိုက်ခိုက်မှုများရှိနေကြောင်း၊ ထို့ကြောင့် အကြမ်းဖက်သမားများက အီရတ်သို့ ဝင်လာနေကြကြောင်းဖြင့် ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝုဖိုဝစ်က ပြောကြားသည်။

ဝေဖန်ပြောကြား

သို့သော် အထက်လွှတ်တော် အမတ်များကမူ အကြမ်းဖက်အုပ်စုများနှင့် အီရတ် အဆက်အသွယ်ကို ဒုတိယကာကွယ်ရေးဝန်ကြီးက ပုံကြီးချဲ့ပြောနေခြင်းသာဖြစ်ကြောင်း၊ ဆက်ဒမ်ဟူစိန်နှင့် အယ်လ်ခိုင်ဒါတို့ အဆက်အသွယ်ရှိသည့် မည်သည့်သက်သေအထောက်အထားမျှ မိမိတို့မတွေ့မြင်ရဟု ဝေဖန်ပြောကြားကြသည်။ *အင်တာနက်။*

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဇူလိုင် ၂၈ ရက်က ဘဂ္ဂဒက်မြို့တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ၍ ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား စစ်ဆေးရုံသို့ ကားဖြင့်ခေါ်ဆောင်လာစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မော်စကိုရှိ အီရတ်သံရုံး ဒေါ်လာသုံးသန်းအခိုးခံရ

မော်စကို ဇူလိုင် ၃၀

ရုရှားနိုင်ငံမော်စကိုမြို့ရှိ အီရတ်သံရုံးအတွင်း မီးခံသေတ္တာထဲမှ အနည်းဆုံးဒေါ်လာသုံးသန်းခိုးယူခံရသည်ဆိုသော အီရတ်သံရုံးအမှုထမ်းတစ်ဦး၏ တင်ပြချက်ကို မော်စကိုရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးနှင့် အီရတ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးတို့က အင်္ဂါနေ့တွင် ပြောကြားသည်။

လက်နက်ကိုင်အမျိုးသားအချို့သံရုံးအတွင်းဝင်လာပြီး ငွေများကို ခိုးယူသွားကြောင်း အစီရင်ခံတင်ပြရန် အင်္ဂါနေ့အရုဏ်တက်ချိန်ခန့်တွင် အီရတ်သံရုံးအမှုထမ်းတစ်ဦး ရဲစခန်းတစ်ခုသို့လာရောက်ခဲ့ကြောင်း ရုရှားမီဒီယာက ဖော်ပြသည်။

သို့ရာတွင် သံရုံးအပြင်ဘက်တွင် အစောင့်ကျနေသည့် ရဲအရာရှိတစ်ဦးကမူ ၎င်းအနေဖြင့် ဘာမျှမတွေ့မြင်မိကြောင်း ပြောကြားသည်ဟု မီဒီယာက ကိုးကားဖော်ပြသည်။

စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ရဲတပ်ဖွဲ့ဝင်များက အီရတ်သံရုံးသို့ သွားရောက်ခဲ့ကြောင်း မော်စကိုရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အီရတ်သံရုံး၌ ဓားပြတိုက်မှု ဖြစ်ခဲ့သည်ဟုမိမိတို့တပ်အပ်မပြောနိုင်ကြောင်း၊ ခိုးယူသွားသည့် ငွေကြေးပမာဏကို မိမိတို့မသိရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ ဖြန့်ကြက်မှုကုန်ကျစရိတ် ဒေါ်လာခုနစ်ဘီလျံကျော်မည်

ဝါရှင်တန် ဇူလိုင် ၃၀

အိမ်ဖြူတော် ဘတ်ဂျက်ညွှန်ကြားရေးမှူး ဂျိုရှုအာဘိုလ်တန်က လက်ရှိဘဏ္ဍာနှစ်ကုန်သည်အထိ အမေရိကန်တပ်များကို အီရတ်နိုင်ငံတွင် ဆက်လက်ထားမည်ဆိုပါက အမေရိကန် အခွန်ထမ်းများအတွက် ဒေါ်လာငွေ သန်း ၇၃၀၀ ခန့် ကုန်ကျစရာရှိသည်ဟု အထက်လွှတ်တော်ကော်မတီရှေ့မှောက်၌ ပြောကြားခဲ့သည်။

ထွက်ဆို

သိမ်းပိုက်ရေးတပ်များကို အီရတ်တွင် ဆက်လက်ထားရှိနိုင်ရေးအတွက် အသုံးစရိတ်ကို အကြမ်းအားဖြင့် တစ်လလျှင် ဒေါ်လာ သန်း ၄၀၀၀ အောက်လျှော့ချသုံးစွဲနိုင်မည့်အခြေအနေ ရှိမည်မဟုတ်ကြောင်း ဘိုလ်တန်က ဆီးနိတ်နိုင်ငံခြားရေးရာကော်မတီရှေ့မှောက်တွင် ထွက်ဆိုခဲ့ခြင်းဖြစ်သည်။

ကာလတိုအတွင်း မိမိတို့သည် အစီအစဉ်ကို သိသိသာသာ ပြောင်းလဲဖြစ်ရန် အကြောင်းမရှိပါဟု ဘိုလ်တန်ကဆိုသည်။

အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝုဖိုဝစ်သည်လည်း အီရတ်နိုင်ငံ၏ စစ်ပြီးကာလတိုးတက်မှုအခြေအနေများကို အင်္ဂါနေ့က လွှတ်တော်ကော်မတီရှေ့မှောက်တွင် ထွက်ဆိုသွားခဲ့သေးသည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

အမြွှာညီအစ်မ

ဇူလိုင် ၂၉ရက်က စင်ကာပူနိုင်ငံ ရာဖေးလ်ဆေးရုံတွင် ခွဲစိတ်ခဲ့သည့် ကျောရိုးချင်းဆက်တောင်ကိုရီးယား အမြွှာညီအစ်မ နှစ်ဦးအနက် မင်ဆာရန်းက တရေးတမော အိပ်စက်နေခိုက် မင်ဂျီဟိုင်း (ရှေ့မှကလေးငယ်) က တစ်ကိုယ်တည်းဆော့ကစားနေစဉ်။ (လေးလအရွယ် အမြွှာညီအစ်မမှာ ခွဲစိတ်ကုသမှုခံယူပြီးနောက် နေထိုင်ကောင်းလာကာ ဇူလိုင် ၂၈ ရက်တွင် အထူးကြပ်မတ်ဆောင်မှ ထွက်လာခဲ့သည်။) (ဓာတ်ပုံ–ဆင်ဟွာ)

အပူချိန်မြင့်တက်၍ လျှပ်စစ်ဓာတ်အားပိုသုံးလာ တရုတ်ပြည် ဒေသအချို့၌ စွမ်းအင်ပြတ်လပ်မှု ပိုမိုဆိုးရွား

ဘေဂျင်း ဇူလိုင် ၃၀

အပူချိန်မြင့်မားမှုကြောင့် လျှပ်စစ်ဓာတ်အားကို ပိုမိုသုံးစွဲလာသည့်အတွက် တရုတ်ပြည်ဒေသအချို့တွင် စွမ်းအင်မလုံလောက်မှု ပို၍ဆိုးရွားလာသည်။

ယန်စီမြစ်၏အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသတို့တွင် အပူချိန် မြင့်တက်ခဲ့သည့်အတွက် ဒေသခံများက ၎င်းတို့၏ပန်ကာများနှင့် လေအေးစက်များကို ဖွင့်ထားကြရာ တစ်ခါတစ်ရံတွင် မီးများပြတ်တောက်ခဲ့ရကြောင်း အင်္ဂါနေ့ထုတ် တရုတ်နေ့စဉ်သတင်းစာက ဖော်ပြထားသည်။

ကံကောင်း

မိမိအနေဖြင့် လေအေးပေးစက်ကို နေ့စဉ်အချိန်ပြည့်ဖွင့်ထားကြောင်း၊ သို့ရာတွင် ယခုအချိန်ထိ မီးမပြတ်သေးသည်မှာ ကံကောင်းကြောင်း ဇီကျန်ပြည်နယ် မြို့တော် ဟန်ချောင်တွင် နေထိုင်သည့် ဂန်ဇန်က ပြောကြားသည်။ အဆိုပါပြည်နယ်မှ ဒေသအချို့တွင် ၄၅ ဆဲလ်စီးယပ်စ်ဒီဂရီအထိပင် ရှိသည်။

ထူးထူးကဲကဲ

နွေရာသီ၌ ထူးထူးကဲကဲ အပူချိန်မြင့်တက်နေသည့် ဟီနန်ပြည်နယ်မှ အချို့ဒေသများတွင် စွမ်းအင် သုံးစွဲမှုအများဆုံးအချိန်တွင် လျှပ်စစ်မီးပြတ်တောက်မှုများရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပို့ကုန်အဓိကထား ဆန်စပါးစိုက်ပျိုးနယ်မြေ ဗီယက်နမ် ထူထောင်မည်

ဟနွိုင် ဇူလိုင် ၃၀

ဗီယက်နမ်နိုင်ငံသည် ၎င်း၏မြောက်ပိုင်းဒေသစပါးကျီဖြစ်သည့် မြစ်နီမြစ်ဝကျွန်းပေါ်၌ ပို့ကုန်အဓိကထား ဆန်စပါးစိုက်ပျိုးနယ်မြေကို ထူထောင်ရန် စီစဉ်ထားကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင် တနင်္လာနေ့က ပြောကြားသည်။

အဆိုပါ နယ်မြေသည် အဓိကအားဖြင့် ဟိုင်ဖွန်မြို့နှင့် သိုင်ဘင်၊နမ်ဒင်နှင့် ဟိုင်နွန်ပြည်နယ်များတွင် တည်ရှိပြီး ဟက်တာသုံးသိန်းကျယ်ဝန်းသည်။ ယင်းဒေသသည် အခြားဒေသများထက် မြေဆီမြေလွှာအရည်အသွေး၊ လယ်သမားများ၏ ကျွမ်းကျင်မှု အတွေ့အကြုံနှင့် ကျေးလက်ဒေသ အခြေခံအဆောက်အအုံများတွင်ပို၍ သာလွန် ကောင်းမွန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လုံခြုံရေးကောင်စီက အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်အသစ်တစ်ရပ် ချမှတ်ရန် ရုရှားသမ္မတ မျှော်လင့်

မော်စကို ဇူလိုင် ၃၀

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်နိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အသစ်တစ်ရပ် ချမှတ်ပေးရန် ရုရှားနိုင်ငံက မျှော်လင့်ထားကြောင်းဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။ မိမိတို့က ဆုံးဖြတ်ချက်အသစ်တစ်ရပ် ပေါ်ပေါက်ရေးကို အတင်းအကျပ်တောင်းဆိုနေခြင်း မဟုတ်ကြောင်း၊ မိမိတို့သည် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် တံခါးဖွင့်ထားကြောင်း၊ သို့ရာတွင် ရုရှားနိုင်ငံအနေဖြင့် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အသစ်တစ်ရပ် ချမှတ်ရေးကို ပယ်ချမည့်အလားအလာမရှိကြောင်း သမ္မတပူတင်က အီတလီဝန်ကြီးချုပ် ဆီလ်ဗီယိုဘာလူစကိုနီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြောကြားသည်။

လုံးဝအရေးကြီး

သမ္မတပူတင်က အီရတ်နိုင်ငံ၏ အခြေအနေသည် လုံးဝအရေးကြီးလှကြောင်း၊ ရက်သတ္တအပတ်တိုင်း လက်နက်ကိုင် တိုက်ခိုက်မှုများဖြစ်ပွားပြီး တစ်ခါတစ်ရံ ဒါဇင်ပေါင်းများစွာအထိ ဖြစ်ပွားခဲ့ကြောင်း ပူတင်၏ ပြောကြားချက်ကို အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။

ရုရှားနိုင်ငံက အီရတ်နိုင်ငံ၏ တည်ငြိမ်ရေး အမြန်ဆက်လက်ထိန်းသိမ်းနိုင်ရေးကို လိုလားကြောင်းနှင့် ၎င်းရည်မှန်းချက်အတိုင်း ဖော်ဆောင်ရန်အသင့်ရှိကြောင်း ပူတင်က ပြောကြားသည်။ ရုရှားက အီရတ်နိုင်ငံ စစ်ပွဲလွန်ကာလတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍပိုမိုရရှိရေးအတွက် တိုက်တွန်းနိုးဆော်ထားသည်။

ဇူလိုင် ၂၂ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပပြီးသည့်နောက် ရုရှားက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အကြံပြုချက်များကို ရုရှားနိုင်ငံက ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ အကြံပြုချက်များသည် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်–၁၄၈၃ မှ ထုတ်နုတ်ယူထားဖွယ်ရှိသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကို အခြေပြုထားဖွယ်ရှိပြီး အီရတ်နိုင်ငံပြည်သူလူထုအား နိုင်ငံတကာအသိုက်အဝန်းက တိုက်ရိုက်ကူညီပံ့ပိုးနိုင်ရန် ဖော်ပြထားသည်။

ကုလသမဂ္ဂအနေဖြင့် ဖော်ပြပါဆုံးဖြတ်ချက်ချမှတ်သကဲ့သို့သော ရှေ့ဆောင်ရှေ့ရွက်ပြုမှုကို အတည်ပြုပေးနိုင်ပါက အီရတ်နိုင်ငံသို့ ရုရှားနိုင်ငံက တပ်သားများပို့ပေးရေးကိစ္စအတွက် အဆင့်သင့်ရှိနေကြောင်း ရုရှား တာဝန်ရှိပုဂ္ဂိုလ်များက ဇူလိုင်လ စောစောပိုင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၂၉ ရက်က ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက် ၃၁၂ မိုင်အကွာ တဲလ်အဖာမြို့ ကောင်းကင်ယံ၌ အမေရိကန်အမှတ်(၁၀၁) လေကြောင်းချီ တပ်မမှ တပ်သားများ ရဟတ်ယာဉ်ဖြင့် ကင်းလှည့်စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်စစ်ပွဲဆင်နွှဲမှု မီဒီယာထိုးနှက်ချက် ဝန်ကြီးချုပ်တိုနီဘလဲ ထပ်မံရင်ဆိုင်ရဖွယ်

လန်ဒန် ဇူလိုင် ၃၀

ဗြိတိန်နိုင်ငံတွင် အီရတ်စစ်ပွဲဆင်နွှဲမှုနှင့် ပတ်သက်သော ထောက်လှမ်းရေးအချက်အလက်များကို စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်တော့မည်ဖြစ်ရာ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် မီဒီယာများ၏ နောက်ထပ်ထိုးနှက်ချက်နှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း သိရသည်။

မေးမြန်းစုံစမ်း

အီရတ်၌ စွပ်စွဲသလို ကန့်သတ်လက်နက်များ မတွေ့ရှိသည့်ကိစ္စအပေါ် မီဒီယာများက အစဉ်တစိုက် ထိုးနှက်လျက်ရှိကာ ဗြိတိန်လက်နက်ပါရဂူ ဒေါက်တာကယ်လီ သေဆုံးမှုတွင်လည်း အစိုးရ၏ပါဝင်မှုနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းလျက်ရှိကြသည်။ ယခုအခါ ဗြိတိန်မီဒီယာတို့၏ ထိုးနှက်ချက်အပြင် ရှေ့နေနှစ်သောင်းပါဝင်သော ဂရိရှေ့နေများအသင်းက ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောနှင့် ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းတို့အား ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်မှုဖြင့် သည်ဟိဂ်မြို့ နိုင်ငံတကာ ရာဇဝတ်တရားရုံး၌ တရားစွဲဆိုမှုနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

၎င်းတို့က သက်သေအဖြစ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၊ ဥရောပသမဂ္ဂဥက္ကဋ္ဌ ပရိုဒီတို့ကို တင်ပြမည်ဖြစ်ကြောင်း သိရသည်။ ***စီအင်န်အင်န်။***

သားများသေဆုံးရမှု လက်စားချေမည် ဆက်ဒမ်ဟူစိန်၏ တိပ်ခွေထုတ်လွှင့်

ဘဂ္ဂဒက် ဇူလိုင် ၃၀

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ထံမှရသော တိပ်ခွေဟုဆိုသော ပြောကြားချက်ပါသည့် အသံသွင်းတိပ်ခွေကို အင်္ဂါနေ့က ဒူဘိုင်းအခြေစိုက် အယ်အာရေးဗီးယား ရုပ်မြင်သံကြားသတင်းဌာနက ထုတ်လွှင့်သွားသည်။

လက်စားချေမည်

ထိုထုတ်လွှင့်ချက်တွင် အသံရှင်က သေဆုံးသွားရသော သား အူဒေးနှင့် ကူဆေးတို့အတွက် အမေရိကန်များကိုလက်စားချေမည်ဖြစ်ကြောင်း ဖော်ပြသွားသည်။

ကျဆုံးသွားသော သား အူဒေး၊ ကူဆေးနှင့် အပေါင်းပါများအတွက် နိုင်ငံက ဂုဏ်ယူပါသည်။ ကျွန်ုပ်နှမြောတသ အောက်မေ့မိပါသည်။ အမေရိကန်များ ရှုံးနိမ့်စေရမည်။ သားများနှင့် အပေါင်းပါများသည် မြင့်မြတ်သော ဘာသာရေး ဂျီဟတ်စစ်ပွဲဆင်နွှဲရင်း အာဇာနည်များအဖြစ် ကျဆုံးသွားရသည် စသည်ဖြင့် အသံရှင်က ပြောကြားသည်။

စကားပြောနေစဉ် အသံမှာတုန်နေပြီး အလယ်ပိုင်းတွင် တိမ်ဝင်သွားသည်။ ဆက်ဒမ်၏အသံနှင့် ရင်းနှီးနေသူ ရိုက်တာသတင်းထောက်က ယခုအသံရှင်မှာ ဆက်ဒမ်ပင်ဖြစ်သည်ဟု ပြောပြသည်။

ယခင်အခါက ဆက်ဒမ်ထံမှရသော တိပ်ခွေအမျိုးမျိုးကို အသံလွှင့်ခဲ့ပြီးဖြစ်သည်။ သို့သော် ယခုတိပ်ခွေမှာ ပထမဆုံးအကြိမ်အဖြစ် ဆက်ဒမ်၏ သားများကိစ္စကို ရည်ညွှန်းထားသော အသံလွှင့်ချက်ဖြစ်သည်။ ***အင်တာနက်။***



ဇူလိုင် ၂၉ ရက်က အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ လူရှုပ်ထွေးလှသည့် ဈေးလမ်းတစ်လမ်းတွင် ဥဒဟို သွားလာနေကြသည့် ခရီးသွားများအား တွေ့ရစဉ်။ (စတုရန်းမိုင် ၇၂ မိုင် ကျယ်ဝန်းပြီး အိန္ဒိယနိုင်ငံတွင် အကြီးမားဆုံးမြို့များအနက် တစ်မြို့ဖြစ်သည့် ကာလကတ္တားတွင် လူဦးရေ ၁၄ သန်းကျော်နေထိုင်လျက်ရှိသည်။) *(ဓာတ်ပုံ–အင်တာနက်)*

နိုင်ငံတကာသတင်းများ

တရုတ်ပြည်၌ ကင်ဆာဖြစ်ပွားမှုနှုန်း မြင့်တက် အဆုတ်ကင်ဆာရောဂါမှာ နံပါတ်တစ်ဖြစ်နေ

ဘေဂျင်း ဇူလိုင် ၃၁

၁၉၇၀ ပြည့်နှစ်ဝန်းကျင်မှ စတင်ပြီး တရုတ်နိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာသည်။ ဖြစ်ပွားမှုများပြီး အသေအပျောက်အများဆုံးဖြစ်သည့် ကင်ဆာရောဂါရှစ်မျိုးကို တရုတ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးခဲ့သည်။ ကင်ဆာရောဂါကြောင့် သေဆုံးရမှု၏ ၈၀ ရာခိုင်နှုန်းသည် အဆိုပါကင်ဆာရောဂါ ရှစ်မျိုးကြောင့်ဖြစ်ရပြီး အဆုတ်ကင်ဆာရောဂါမှာ နံပါတ်တစ်လူသတ်ကောင်သဖွယ် ဖြစ်လာသည်။

အဆိုပါ ကင်ဆာရောဂါများ ဖြစ်ပွားမှုမှကာကွယ်ရန်နှင့် ရောဂါထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာအောင်နေထိုင်၍ ရောဂါကို စောစီးစွာ သိရှိနိုင်အောင် လုပ်ဆောင်ရန်လည်း ကျွမ်းကျင်သူများက ညွှန်ကြားထားသည်။

အဆိုပါကင်ဆာရောဂါရှစ်မျိုးမှာ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အူမကြီးနှင့်စအိုကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ အစာပြွန်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ဖြစ်ကြောင်း သိရသည်။ ***စီစီတီဗွီ။***

နှစ်စဉ် လူငါးသန်းခန့် ဆေးလိပ်ကြောင့်သေဆုံး

ဂျီနီဗာ ဇူလိုင် ၃၁

ဆေးလိပ်ကို ရေရှည်သောက်သုံးသူများသည် ဆေးလိပ်ကြောင့် ဖြစ်ပွားသောရောဂါများကြောင့် အချိန်မတိုင်မီ သေဆုံးနိုင်မှု ၅၀ ရာခိုင်နှုန်း ပိုမိုများပြားသည်။ နှစ်စဉ်လူငါးသန်းနီးပါးခန့်သည် ဆေးလိပ်ကြောင့် ဖြစ်ပွားသောရောဂါများကြောင့် သေဆုံးလျက်ရှိပြီး သေဆုံးနှုန်းမှာ ရှစ်စက္ကန့်လျှင် တစ်ဦးနှုန်း သေဆုံးလျက်ရှိသည်။

ခရစ်နှစ် ၂၀၃၀ မတိုင်မီ သေဆုံးမှုဦးရေသည် ၁၀ သန်းထိရှိကာ နှစ်ဆတိုးလာနိုင်ကြောင်း ခန့်မှန်းထားခြင်းကြောင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်၊ အဆုတ်ရောဂါ၊ ယာဉ်မတော်တဆဖြစ်မှု၊ မိမိကိုယ်ကိုယ် သတ်သေမှုနှင့် သတ်ဖြတ်မှုများကြောင့် သေဆုံးမှုတို့ထက် ဆေးလိပ်ကြောင့် သေဆုံးသူပိုများနိုင်ကြောင်း သိရသည်။ ***စီအင်န်အင်န်။***

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပါကစ္စတန်သမ္မတနှင့် ဝန်ကြီးချုပ် စိုးရိမ်ပူပန်

အစ္စလမ္မာဘတ် ဇူလိုင် ၃၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ရသည့် လူအသေအပျောက်ရှိမှုနှင့် ပစ္စည်းဥစ္စာဆုံးရှုံးမှုတို့အပေါ် အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်နှင့် ဝန်ကြီးချုပ် ဇာဖာရူလာခန်းဂျမာလီတို့က အင်္ဂါနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်

သီးနှံများ၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ပစ္စည်းဥစ္စာထိခိုက်ပျက်စီးမှုကို အတိအကျတွက်ချက်နိုင်ရေးအတွက် ရေဘေးသင့်ခရိုင်များသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ရန် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များအား ၎င်းတို့နှစ်ဦးက အမိန့်များထုတ်ပြန်ခဲ့ကြောင်း ဒေသန္တရသတင်းဌာနတစ်ခုက ဖော်ပြသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်ပိုင်းက ပါကစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဆယ်နှစ်တာအတွင်း အဆိုးရွားဆုံး မုတ်သုံမိုးရွာသွန်းမှုကြောင့် ယခုအချိန်အထိ လူ ၉၀ ကျော် သေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇူလိုင်၂၉ရက်က သင်္ကာမကင်းသူ အီရတ်နိုင်ငံသားတစ်ဦးအား အမေရိကန်တပ်သားများက ခေါင်းစွပ်တပ်ကာ အချုပ်ခန်းတွင်းသို့ ခေါ်ဆောင်လာစဉ်။ (ဓာတ်ပုံ- အင်တာနက်)

အီရတ်ကို အမေရိကန်တပ်ဖွဲ့သိမ်းပိုက်မှု ရပ်စဲရန်လိုလား အချုပ်အခြာအာဏာပိုင်စိုးမှု ဆီးရီးယားနှင့် တူရကီသဘောတူညီ

အန်ကာရာ ဇူလိုင် ၃၀

ဆီးရီးယားဝန်ကြီးချုပ်သည် တူရကီနိုင်ငံ အန်ကာရာမြို့သို့ သမိုင်းတွင်မည့် အလည်အပတ် ခရီးထွက်လျက်ရှိသည်။ ဆီးရီးယားနှင့်တူရကီနှစ်နိုင်ငံတို့သည် အမေရိကန်က အီရတ်နိုင်ငံကို သိမ်းပိုက်ထားသည့်ကိစ္စကို အမြန်ဆုံးရပ်စဲရန် လိုလားကြသည်။ အီရတ်ပြည်သူများက ရွေးချယ်ထားသော အီရတ်အစိုးရလက်သို့ အာဏာလွှဲပြောင်းပေးရေးကိစ္စကိုလည်း သဘောတူညီခဲ့ကြကြောင်း ဆီးရီးယားဝန်ကြီးချုပ် မူစတာဖာမီရိုက ပြောကြားခဲ့သည်။

လေးစားသင့်

မီရိုသည် တူရကီနိုင်ငံတွင် ဝန်ကြီးချုပ် ရီဆီတေယစ်အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အာဒိုဂန်က အီရတ်နိုင်ငံနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန် ပြောကြားခဲ့ခြင်းမရှိပေ။ သို့သော် သံတမန်သတင်းရပ်ကွက်ကအမေရိကန်တို့သည် အီရတ်နိုင်ငံတွင် ဆက်ဒမ်အစိုးရကို ဖြုတ်ချပြီးလျှင်ပြီးချင်း ထိုနိုင်ငံ၏ အချုပ်အခြာနယ်မြေ တည်တံ့မှုကို လေးစားအသိအမှတ်ပြုသင့်သည်ဟူသော အချက်ကို ဆီးရီးယားနှင့်တူရကီနိုင်ငံတို့ကသဘောတူညီခဲ့ကြသည်ဟု ဆိုသည်။

တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့်သင့်မြတ်မှုမရှိသကဲ့သို့ အီရန်နိုင်ငံနှင့်လည်း အဆင်မပြေကြပေ။ သို့သော် အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော စစ်ပွဲဆင်နွှဲချိန်မှစ၍ ၎င်းတို့အချင်းချင်း ဆက်ဆံရေးပြန်လည်နွေးထွေးမှုရှိလာကြသည်။

မတည်မငြိမ်ဖြစ်နိုင်

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်လူမျိုးစုများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စလှုပ်ရှားလာလျှင်တူရကီ၊ဆီးရီးယားနှင့် အီရန်နိုင်ငံများသည် ၎င်းတို့ဒေသအသီးသီးရှိ ကာ့ဒ်လူမျိုးများအရေး မတည်မငြိမ်ဖြစ်လာစေနိုင်သည်ဟုယူဆထားကြသည်။

နေတိုးအဖွဲ့ဝင်

တူရကီနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ရင်းနှီးသော နေတိုးစစ်မဟာမိတ်အဖွဲ့ဝင် မွတ်စလင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဆို၏။

အထူးသဖြင့် ကုန်သွယ်ရေးတွင် ပူးပေါင်းမည်ဟု အာဒိုဂန်က ပြောကြားသည်။

ဆန့်ကျင်သင့်

တူရကီခရီးစဉ်မစမီက မီရိုသည် တူရကီသတင်းစာများနှင့်တွေ့ဆုံရာ၌ အရှေ့အလယ်ပိုင်းဒေသ၏ အနေအထားကို ပြန်လည်ပုံဖော်ရန်အတွက် အမေရိကန်၏ကြိုးပမ်းမှုကို ဒေသတွင်းရှိ နိုင်ငံများက ပူးပေါင်းဆန့်ကျင်သင့်ကြောင်းပြောကြားခဲ့သည်။

ပူးပေါင်းဆောင်ရွက်

တူရကီနှင့်ဆီးရီးယားနှစ်နိုင်ငံတို့သည် စွမ်းအင်ကဏ္ဍ၊ အကောက်ခွန်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရန်ရုပ်မြင်သံကြားသတင်းထောက်နှစ်ဦးကို အီရတ်ရှိ အမေရိကန်တပ်ဖွဲ့က ထိန်းသိမ်း

ဘဂ္ဂဒက် ဇူလိုင် ၃၀

လွန်ခဲ့သည့်တစ်လနီးပါးက အမေရိကန်တပ်ဖွဲ့၏ ဖမ်းဆီးခြင်းကိုခံခဲ့ရသော အီရန်ရုပ်မြင်သံကြား သတင်းထောက်နှစ်ဦးကို အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းတို့ကို လုံခြုံရေးတင်းကျပ်သည့် အကျဉ်းထောင်တစ်ခုတွင် ထိန်းသိမ်းထားရှိကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဥပဒေချိုးဖောက်

အမေရိကန်တပ်ဖွဲ့က ထိန်းသိမ်းထားသော အီရန်လူမျိုးနှစ်ဦးသည် ၎င်းတို့ကိုယ်ကို၎င်းတို့ သတင်းစာဆရာများဟု ထုတ်ဖော်ပြောကြားထားသော်လည်း ၎င်းတို့ အဖမ်းခံရချိန်တွင် သတင်းလုပ်ငန်း၌ လုပ်ကိုင်နေခြင်း မရှိခဲ့ကြောင်း၊ ၎င်းတို့သည် လုံခြုံရေးဆိုင်ရာ စည်းမျဉ်းဥပဒေများကို ချိုးဖောက်မှုအတွက် အဖမ်းခံခဲ့ရကြောင်း အမေရိကန် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရန်လူမျိုးနှစ်ဦးကို ထိန်းသိမ်းထားမှုနှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့က အီရန်အာဏာပိုင်များထံ တရားဝင်အသိပေးထားခဲ့ကြောင်း၊ မိမိတို့၏ စုံစမ်းစစ်ဆေးမှုများကို ဆက်လုပ်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ သတင်းစာဆရာနှစ်ဦးကို ပြန်လည်လွှတ်ပေးရန် အီရန်နိုင်ငံက တောင်းဆိုခဲ့သည်။ ၎င်းတို့သည် နိုင်ငံပိုင်အသံလွှင့်ကုမ္ပဏီဖြစ်သော အိုင်အာရ်အိုင်ဘီ အသံလွှင့်ဌာန၏ မှတ်တမ်းရိုက်ကူးသူများဖြစ်ကြောင်း အီရန်အစိုးရက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်ပြည်ထောင်စု မီချီဂန်ပြည်နယ် ဂရန်းဘလန့်ခ်မြို့ရှိ ဝေါဝစ်ခ်ဟီးလ်ဂေါက်သီးနှင့် ကျေးလက်ဒေသ ကလပ်အသင်းတွင် ဂေါက်သီးကစားနည်းနှင့် ပတ်သက်၍ ဂေါက်သီးဝါသနာရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ သရုပ်ပြသည့် တိုက်ဂါးဝုဒ်အား ဇူလိုင် ၂၉ရက်က တွေ့မြင်ရစဉ်။(ဝုဒ်သည် ယခုရက်သတ္တပတ်တွင် ကျင်းပမည့် ပီဂျီအေပြိုင်ပွဲတစ်ရပ်၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။) (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များ ဘဂ္ဂဒက်တွင် ကားတစ်စီးကိုပစ်ခတ် ကားပေါ်ပါအပြစ်မဲ့ အရပ်သားများသေဆုံး၍ အီရတ်တို့ဒေါသထွက်

ဘဂ္ဂဒက် ဇူလိုင် ၃၁

အီရတ်နိုင်ငံတစ်ဝန်း၌ သဒ္ဒတဆက်ဒမ်ဟူစိန်အား အမေရိကန်တပ်ဖွဲ့များက လိုက်လံရှာဖွေလျက်ရှိပြီး ဝင်ရောက်စီးနင်းရှာဖွေမှုတစ်ခုတွင် အရပ်သားများသေဆုံးရခြင်းနှင့် ပတ်သက်၍ အီရတ်လူမျိုးများက ဒေါသထွက်လျက်ရှိသည်။

- ရှာဖွေခဲ့ -

လွန်ခဲ့သည့်နှစ်ရက်က ဘဂ္ဂဒက်မြို့အတွင်း ဆက်ဒမ်ဟူစိန်နှင့် အဆက်အသွယ်ရှိသောသူများကို ရှာဖွေမှုတစ်ရပ်တွင် ကားတစ်စီးအား ပစ်ခတ်ခဲ့ရာ ကားပေါ်ပါလူများ သေဆုံးခဲ့ကြသည်။

အဆိုပါ လူများမှာ အပြစ်မဲ့အရပ်သားများသာဖြစ်ပြီး မော်တော်ယာဉ်ကိုယ်ထည်တစ်ခုလုံး ကျည်ဆန်ပေါက်များဖြင့် ပြည့်နှက်နေခဲ့ရာ လူအများက အမေရိကန်တို့၏ လုပ်ရပ်အပေါ် မေးခွန်းထုတ်လျက်ရှိသည်။ ကြိုတင်သတိပေးမှုမရှိဘဲပစ်ခတ်ခဲ့ခြင်းသည် အမေရိကန်တို့၏ မူဝါဒလားဟု မေးမြန်းနေကြသည်။

- သည်းခံနိုင်စွမ်းလျော့ပါး -

တီကရစ်ဖြစ်ရပ်မှာလည်း သဒ္ဒတဆက်ဒမ်ဟူစိန်ကို ထောက်ခံသူများ၏ ခြေကုပ်စခန်းဖြစ်သည့်အတွက် ယခုလိုဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်ပြည်သူများက ယူဆကြပြီး ၎င်းတို့အနေဖြင့် အမေရိကန်တို့၏ လုပ်ရပ်များအပေါ် သည်းခံနိုင်စွမ်းလျော့ပါးလာလျက်ရှိကြသည်။

စီအင်န်အင်န်။

နိုင်ငံတကာ သတင်းများ

လေ့ကျင့်ရေးဆင်း

ဇူလိုင် ၃၀ရက်က ရီးယဲလ်မဒရစ်အသင်းမှ ဘောလုံးအကျော်အမော်များဖြစ်ကြသည့် ရိုနယ်ဒို(ဝဲ)**၊ ရောဘတ်တိုကားလို့စ်**(အလယ်)**နှင့် လူးဝစ်ဖီဂို**(ယာ)**တို့အား တရုတ်ပြည်ယူနန်ပြည်နယ်ကူမင်းမြို့တော်၌ လေ့ကျင့်ရေး ဆင်းနေသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-ဆင်ဟွာ)

နိုင်ငံတကာအာကာသစခန်း အာကာသတွင် ရက် ၁၀၀၀ ပြည့်

မော်စကို ဇူလိုင် ၃၀

နိုင်ငံတကာအာကာသစခန်းကို အာကာသအတွင်း လွှတ်တင် တည်ဆောက်ခဲ့ရာ ဇူလိုင် ၃၀ရက်က ရက်ပေါင်း ၁၀၀၀ပြည့်သွားပြီဖြစ်သည်။ အဆိုပါစခန်း၌ အာကာသယာဉ်မှူးခုနစ်ဦးနေထိုင်ခဲ့ကြကာ ၂၀၀၀ပြည့်နှစ် အောက်တိုဘာလ၌ နိုင်ငံတကာအာကာသစခန်းကို စတင်တည်ဆောက်စဉ် ကတည်းကဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနကတင်ပြသွားသည်။ ***စီအင်န်အင်န်။***

ဘိန်းဖြူ ၁၈ကီလို ကိုဆိုဗို၌ ဖမ်းမိ

ဘဲဂရိတ် ဇူလိုင် ၃၁

ကုလသမဂ္ဂရဲတပ်ဖွဲ့သည် ယူဂိုဆလားဗီးယားနိုင်ငံ ကိုဆိုဗိုဒေသတွင် ဘိန်းဖြူ ၁၈ ကီလိုဖမ်းမိကြောင်း ကုလသမဂ္ဂကြားဖြတ်အုပ်ချုပ်ရေး မစ်ရှင်အဖွဲ့က အင်္ဂါနေ့တွင် ကြေညာကြောင်း တန်ယွတ်သတင်းဌာနက ဖော်ပြလိုက်သည်။

ယင်းဖမ်းဆီးမှုမှာ ကိုဆိုဗို၌ ၁၉၉၉ခုနှစ် နောက်ပိုင်းတွင် ဘိန်းဖြူအမြောက်အမြား ဖမ်းဆီးရရှိမှုဖြစ်သည်ဟု ကိုဆိုဗိုရှိ ကုလသမဂ္ဂရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဘယ်ရီဖလက်ရှ်အားကိုးကား၍ တန်ယွတ်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၉၀၀၀၀၀ခန့်တန်ဖိုးရှိ အဆိုပါဘိန်းဖြူကို ဥရောပအနောက်ပိုင်းတွင် ရောင်းချရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကပြောကြားပြီး သင်္ကာမကင်းဖြစ်သူ အယ်ဘေးနီးယားနိုင်ငံသား သုံးဦးကို ထိန်းသိမ်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖြူးဆရာတော်တရားပွဲ

ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံကျော်ဓမ္မကထိက ဖြူးဆရာတော်ဘဒ္ဒန္တ နရပတိအရှင်သူမြတ်သည် ဝါခေါင်လပြည့် ညနေ ၃နာရီတွင် ဒေါပုံမြို့နယ်ဗမာအေးရပ်ကွက် ဓမ္မသီတဂူအေးရွာကျောင်းတိုက်၌လည်းကောင်း၊ ဝါခေါင်လပြည့်ကျော် ၁၊ ၂၊ ၃၊ ၄ရက်များတွင် မင်းလှမြို့၊ မင်းဘူးမြို့၊ စကုမြို့နှင့်စလင်းမြို့ မန်းချိုရွာ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟု သိရသည်။ (က-ပ)

မြို့ခြံမြေ့တော၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ဒီမိုကရေစီရေးနဲ့ ပုဂ္ဂိုလ်ကိုးကွယ်ရေး ခွဲခြားဆင်ခြင်နိုင်ဖို့

အောင်မိုးစံ

ဝေဖန်ဆန်းစစ်ပြီး လက်တွေ့ကျင့်သုံးနည်းကို ကေသမုတ္တိသုတ်ခေါ် ကာလာမသုတ္တန်တွင် ရှင်တော် မြတ်ဗုဒ္ဓက ကေသလတိုင်း ကေသမုတ္တိရွာသား ကာလာမလူမျိုးတို့အား ယခုလို ဟောကြားတော်မူခဲ့ပါတယ်။

"အယူဝါဒတစ်ခုရဲ့ အမှားအမှန်ကို ဆုံးဖြတ်ရာတွင် တစ်ဆင့်ကြားမျှဖြင့်လည်း ဟုတ်ပြီ၊ မှန်ပြီဟု လက်မခံသင့်၊ မိရိုးဖလာအယူဝါဒဆိုပြီးလည်း လက်မခံသင့်၊ ဤအရာသည် ဤသို့ဖြစ်သည်ဟူသော ကောလာဟလဖြင့်လည်း လက်မခံသင့်၊ ကျမ်းဂန်စာပေနဲ့ ညီညွတ်သည်ဆိုရုံဖြင့်လည်း လက်မခံသင့်၊ မိမိတို့ လေးစားသော ဆရာရဲ့စကားဖြစ်သည်ဟုဆိုကာ ဆရာစွဲဖြင့်လည်း လက်မခံဘဲ ဆဖန်စစ်ဆေးကာ လက်တွေ့လုပ်ကြည့်ပြီး အကျိုးရှိတဲ့အယူဝါဒ (ဝိဘဇ္ဇဝါဒ)ကိုသာ လက်ခံရမည် . . ."

ရှင်တော်မြတ်ဗုဒ္ဓဟာ လက်တွေ့ကျတဲ့ဝိဘဇ္ဇဝါဒကို လူသားများလမ်းမှားကို မရောက်အောင် ဟောကြားခဲ့တာဖြစ်ပါတယ်။ ဗုဒ္ဓဝါဒဟာကြည်ညိုလေးစားမှုကို လက်ခံတဲ့ဝါဒဖြစ်ပါတယ်။ ဥပမာအားဖြင့် ပညာသင်နေတဲ့ ကျောင်းသားတစ်ယောက်ဟာ မိမိကို ပညာသင်ပေးတဲ့ ဆရာရဲ့ မေတ္တာ၊ ကရုဏာနဲ့ အရည်အချင်းကို ယုံကြည်အားထားရပါမယ်။ ဒါပေမယ့် ဆရာ့ထံမှာ ဘာပညာမှ မသင်ယူဘဲ ဆရာကိုးကွယ်နေတဲ့ အဖြစ်မျိုးဟာ အကျိုးမဲ့တဲ့ ပုဂ္ဂိုလ်ကိုးကွယ်ရေးသာဖြစ်ပါတယ်။ ရှင်တော်မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ဝက္ကလိ-ငါရဲ့ ပုတိကာယ (အပုပ်ပြည့်တဲ့ကိုယ်ကြီး)ကို ကြည်ညိုနေခြင်းဟာ ဘာအကျိုးရှိမည်နည်း။ သွားလော့- ကျင့်လော့ဟု နှင်ထုတ်ခဲ့ပါသည်။ ဝက္ကလိရဟန်းကို နှင်ထုတ်တာဟာ သဒ္ဓါသာရှိပြီး ပညာနဲ့အကျင့်ကို အသုံးမချလို့ဖြစ်ပါတယ်။ အသိဉာဏ်နဲ့ အကျင့်မပါတဲ့ ယုံကြည်အားထုတ်မှုဟာ လမ်းမှန်ကိုမရောက်နိုင်၊ တရားကိုမမြင်နိုင်လို့ ဖြစ်ပါတယ်။

လောကီနိုင်ငံရေးတွင်လည်း ဒီမိုကရေစီနိုင်ငံဖြစ်ရုံနဲ့ မိုးပေါ်က ကျမလာနိုင်ပါ။ ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် အခြေခံစီးပွားရေး လုပ်ငန်းစွမ်းအားစုတွေ ခေတ်မီတိုးတက်လာဖို့လိုပါတယ်။ ဒီအပေါ်ကသာ အပေါ်ထပ်အဆောက်အအုံဖြစ်တဲ့ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေးစတာတွေဟာ လိုက်ပါဖွံ့ဖြိုးတိုးတက်လာမယ်ဖြစ်ပါတယ်။

ဒါကြောင့် ဒီမိုကရေစီလိုလားသူတိုင်း အဲဒီလို လူမှုဘဝလိုအပ်ချက်တွေကို ဦးစွာဆင်ခြင်သိမြင်ပြီး ဒီမိုကရေစီကျင့်စဉ်ကို မှန်ကန်စွာကျင့်သုံးသွားနိုင်ဖို့လိုပါတယ်။ ဒါတွေကိုမသိဘဲ ဒီမိုကရေစီကို ကြွေးကြော်နေမယ်ဆိုရင် (၁) သင်ဟာ သင့်ကိုယ်သင်လိမ်လိမ့်မယ်။ (၂) သင့်ကို သူတစ်ပါးအလိမ်ခံရမယ်။ (၃) သင်က သူတစ်ပါးကို လိမ်မိလျက်သားဖြစ်မယ်. . . လို့ လူမှုသိပ္ပံပညာရှင်အချို့ကဆိုပါတယ်။ ဒီမိုကရေစီကျင့်စဉ်ကို မှန်ကန်စွာသိမှသာ ဒီမိုကရေစီရေးနဲ့ ပုဂ္ဂိုလ်ကိုးကွယ်ရေးကို ခွဲခြားနိုင်မယ် ဖြစ်ပါတယ်။ ဒီမိုကရေစီဟာ လူပုဂ္ဂိုလ်မဟုတ်၊ ကျင့်စဉ်သာဖြစ်တယ်။ လူပုဂ္ဂိုလ်တွေက ဒီမိုကရေစီ ကျင့်စဉ်နဲ့အညီ ခံယူကျင့်သုံးနိုင်မှ ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်မယ်။ ပုဂ္ဂိုလ်ကိုးကွယ်ရေးနဲ့ မင်းမဲ့စရိုက်ကြမ်းတွေ လွှမ်းမိုးလာရင်တော့ ဒီမိုကရေစီနဲ့ ပိုမိုအလှမ်းဝေးသွားမယ်ဖြစ်ပါတယ်။

၃၀-၅-၂၀၀၃ရက်နေ့ ဒီပဲယင်းမြို့နယ် အရေးအခင်းဟာ ဒီမိုကရေစီနဲ့ လားလားမှမဆိုင်တဲ့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာဖြစ်တယ်။ ဒီမိုကရေစီကျင့်စဉ်အပေါ် အမြင်မကြည်လင်မှုကြောင့် ပုဂ္ဂိုလ်ကိုးကွယ်တယ်။ အဲဒီလို (ဒီမိုကရေစီကျင့်စဉ်အပေါ် နားမလည်ဘဲ) ပုဂ္ဂိုလ်ကိုးကွယ်သူအချို့ကြောင့် ဆူပူအကြမ်းဖက်တဲ့ မင်းမဲ့စရိုက်တွေဝင်လာတာဖြစ်တယ်။ ဒါကြောင့် ဒီမိုကရေစီကျင့်စဉ်နဲ့ မင်းမဲ့စရိုက်ခြားနားမှုတွေကို ကွဲပြားစွာနားလည်ဆင်ခြင်နိုင်မှသာ ခေါင်းဆောင်ကို ကျင့်စဉ်နဲ့အညီ ရွေးချယ်နိုင်မယ်။ ခေါင်းဆောင်ကလည်း ငါပြောတာ မှန်သမျှ ဒီမိုကရေစီဖြစ်ရမယ်ဆိုတဲ့ ပုဂ္ဂိုလ်ဩဇာ ထူထောင်မှုတွေပျောက်ပြီး ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ထွန်းပေါက်လာမယ်။ ကျင့်စဉ်မသိ တရားမရှိတဲ့ ပုဂ္ဂိုလ်ကိုးကွယ်မှုတွေလည်း ပပျောက်လာမယ်။

ဗုဒ္ဓတရားတော်မှာလည်း လောကီသားတို့ အကျိုးတရားအတွက် ဟိရိနှင့် ဩတ္တပ္ပ အရှက်၊အကြောက်တရားနှစ်ပါးကို ဟောကြားခဲ့ပါတယ်။ ဒီတရားနှစ်ပါးဟာ လောကကိုစောင့်ရှောက်တဲ့ လောကပါလတရားလို့လည်း ဆိုပါတယ်။ မကောင်းတာ၊ မမှန်တာလုပ်ဖို့ ရှက်တတ်ခြင်းဆိုတဲ့ ဟိရိတရားနဲ့ မကောင်းတာ၊ မမှန်တာလုပ်ဖို့ ကြောက်တတ်ခြင်းဆိုတဲ့ ဩတ္တပ္ပတရားတို့ဖြစ်ပါ တယ်။ ဟိရိတရားကင်းရင် အဟိရိက မရှက်တတ်သူအဖြစ် သက်ရောက်ပြီး ဩတ္တပ္ပတရားကင်းရင် အနောတ္တပ္ပ မကြောက်တတ်သော သဘောသက်ရောက်တယ်လို့ ဆိုပါတယ်။

မကောင်းမှုမှရှက်ခြင်း အကြောင်းတရား(၄)ပါး

(၁) ဇာတိ ဟိရိ = မိမိမျိုးရိုးဇာတိဂုဏ်ကို ငဲ့ကွက်ပြီး ရှက်ခြင်း၊ (အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းခြင်း)

(၂) ဝယ ဟိရိ = မိမိအရွယ်ကိုငဲ့ပြီး ရှက်ခြင်း၊ (မိမိအသက်အရွယ်နှင့် မလျော်ညီသော အလုပ်ကိုမလုပ်ခြင်း)

(၃) သူရ ဟိရိ = မိမိ ရဲရင့်မှုကို ငဲ့ကွက်ပြီး ရှက်ခြင်း၊ (ဆိုလိုတာက သူတစ်ပါးအားကိုးတဲ့ သူရဲဘောနည်းသူတွေလုပ်သော ဒီအကျင့်မျိုးကို ငါမလုပ်ဆိုပြီး ကြံခိုင်တဲ့စိတ်ဓာတ်ရှိခြင်း)

(၄) ဗဟုသစ္စဟိရိ = ပညာမရှိသူတို့ မျက်ကန်းတစ္ဆေမကြောက်လုပ်တိုင်း ပညာရှိသူတို့က လုပ်ဖို့ရှက်ခြင်း။

မကောင်းမှုကိုကြောက်ခြင်း အကြောင်းတရား(၄)ပါး

(၁) အတ္တာနုဝါဒ ဩတ္တပ္ပ = မိမိကိုယ်မိမိ လက်ညှိုးထိုးစရာဖြစ်မည်ကြောင့် ကြောက်ခြင်း။

(၂) ပရာနုဝါဒ ဩတ္တပ္ပ = သူတစ်ပါးကဲ့ရဲ့မည်ကြောင့် ကြောက်ခြင်း။

(၃) ဒဏ္ဍ ဩတ္တပ္ပ = လောကထုံးတမ်းဥပဒေအရ ပြစ်မှုရောက်မည်ကြောင့် ကြောက်ခြင်း။

(၄) ဒုဂ္ဂတိ ဩတ္တပ္ပ = အပါယ်ကျမှာစိုးပြီး ကြောက်ခြင်းတို့ ဖြစ်ပါတယ်။

ဒါတွေကိုကြည့်ခြင်းအားဖြင့် ဗုဒ္ဓဘာသာကိုအခြေခံတဲ့ မြန်မာတို့ရဲ့ မျိုးရိုးစဉ်လာ ယဉ်ကျေးမှုနဲ့ စာရိတ္တအဆင့်အတန်းဟာ အနောက်ဒီမိုကရေစီကျင့်စဉ်ထက်ပင် မြင့်မားနေတာတွေ့နိုင်ပါတယ်။ ရှင်တော်မြတ်ဗုဒ္ဓဟာလည်း လောကီ လူသားတို့အတွက် ကျင့်စဉ်တရားတွေကိုသာဟောကြားသွားခဲ့ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံအချို့က ဒီမိုကရေစီအရေးထက် ပုဂ္ဂိုလ်ရေး ရှေ့တန်းတင် အမြတ်ထုတ်မှုများ၊ နိုင်ငံအရေးထက် ပုဂ္ဂိုလ်ရေး ရှေ့တန်းတင် သွေးထိုးမှုများ ရှိနေပါတယ်။

ဒါကြောင့် ပုဂ္ဂိုလ်ရေးကြောင့် နိုင်ငံရေးကို မထိခိုက်စေရေး၊ ပုဂ္ဂိုလ်ရေးကြောင့် ဒီမိုကရေစီရေး မထိခိုက်စေရေးအတွက် **ဒီမိုကရေစီရေးနဲ့ ပုဂ္ဂိုလ်ကိုးကွယ်ရေး ခွဲခြားဆင်ခြင်နိုင်ဖို့** အထူးတလည် အသိပေးတင်ပြလိုက်ရပါတယ်။ ။

"အချစ်နှင့် သူ၏ ဂုဏ်သိက္ခာ" ဆက်လက်ပြသ အိန္ဒိယမေတ္တာတွဲ့ကားသစ် ရှေ့ဆောင်ရုံတွင် တင်ဆက်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇူလိုင် ၃၁

ယခု သောကြာပတ်တွင် ထားဝယ်ရုပ်ရှင်မှ ဒါရိုက်တာမောင်နန္ဒရိုက်ကူး၍ ရန်အောင်၊ ဒွေး၊ ထွန်းအိန္ဒြာဗိုနှင့် နန္ဒာလှိုင်တို့ပါဝင်သော **အချစ်နှင့်သူ၏ ဂုဏ်သိက္ခာ** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ဆက်လက်ပြသနေသည်။

ဆက်လက်၍ YEH HAI JALWA အမည်ရှိ အိန္ဒိယမေတ္တာတွဲ့ ဇာတ်ကားသစ် ရှေ့ဆောင်ရုံတွင် တင်ဆက်ပြသသည်။ မိသားစုအတွင်း အိမ်ထောင်ရေးပြဿနာကို စိတ်ဝင်စားဖွယ် တင်ပြထားပြီး သရုပ်ဆောင်များအဖြစ် ဆလ်မန်းခန်း၊ ရှရီကာပူးနှင့် အမီနာပတေးတို့ ပါဝင်ထားကြသည်။

နေပြည်တော်ရုံတွင် TUXEDOအမည်ရှိဇာတ်ကား ဆက်လက်ပြသသည်။ ဂျက်ကီချန်းပါဝင်သော ဟာသနှင့် အက်ရှင်ဇာတ်ကားဖြစ်သည်။

ပြိုင်ဘက်မရှိ

ဒွေး၊ ထွန်းအိန္ဒြာဗို၊ ကြည်လဲ့လဲ့ဦးတို့ပါဝင်သည့် **ပြိုင်ဘက်မရှိ** ဇာတ်ကားမှာ ဝဇီရာ၊ စံပြနှင့် ရွှေမန်းရုံများတွင် ဆက်လက်ပြသနေသည်။

ဆုထူးပန်ရုံ

ထို့ပြင် ဆုထူးပန်ရုံ၌ KEEMATအမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။ အရှစ်ကူးမား၊ ဆာ့ဖ်အလီခန်း၊ ရာမီနာတန်ဒန်၊ ဆိုနာလီဗင်ဒါရီ စသော သရုပ်ဆောင်များ ပါဝင်၍ လောဘဇောနှင့် လှည့်ဖြားမှုများအား ချစ်ခြင်းမေတ္တာက အနိုင်ယူပုံကို တင်ပြထားသည်။

အကယ်ဒမီကားသစ်

မြို့မရုံတွင် VILLAN အမည်ရှိ အကယ်ဒမီရ အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသလာသည်။

ရှေ့ဆောင်ရုံ၌ ပြသနေသော YEH HAI JALWA အမည်ရှိ အိန္ဒိယဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

"အချစ်နှင့် သူ၏ ဂုဏ်သိက္ခာ" ဇာတ်ကားမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗို။

ရှရွတ်ခန်း၊ အဂျစ်ကူမာ၊ မီနာတို့ပါဝင်၍ အချစ်အလွမ်းနှင့်တေးဂီတကိုဖော်ကျူးထားသော ဇာတ်လမ်းဖြစ်သည်။

လွင်မိုး၊ ထက်ထက်မိုးဦးတို့ပါဝင်သော **ကံကောင်းခြင်း လက်ဆောင်**ဇာတ်ကား နဝဒေးနှင့် မဟာမြိုင်ရုံတွင် ဆက်လက်ပြသသည်။

အလားတူ အိန္ဒိယရုပ်ရှင်ဇာတ်ကားသစ် TUM BIN အမည်ဖြင့် ရွှေဂုန်ရုံ၌ပြသနေသည်။ အချစ်ကို ဦးထိပ်ထားသော လူငယ်သုံးဦး၏ မေတ္တာအဖြေရှာပုံကို သရုပ်ဖော်တင်ပြထားသည်။ **(ကြေးမုံ)**

ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းများဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၃၁

Dynamic International Language Academy မှ အခြေခံပညာအထက်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့ရ ဘွဲ့ကြိုများ၊ နိုင်ငံခြားသို့ သွားရောက်လိုသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အင်္ဂလိပ်၊ တရုတ်၊ ဂျပန်(ရေး၊ ဖတ်၊ ပြော) အခြေခံသင်တန်းများ၊ ကလေးများ အင်္ဂလိပ်စာထူးချွန်စေရန်အတွက် (ရေး၊ ဖတ်၊ ပြော၊ သဒ္ဒါ) သင်တန်းများကိုလည်းကောင်း၊ ကွန်ပျူတာသင်တန်းများကို တစ်ဦးချင်းသင်စနစ်ဖြင့်လည်းကောင်း လစဉ် လဆန်းတိုင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပမည့် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုနိုင်ရန် ဂျပန်စာအဆင့်မြင့်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဖုန်း-၂၂၈၀၆၀ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

အင်္ဂလိပ်စာသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၃၁

MAY In't Education & Training Center မှ အခြေခံအင်္ဂလိပ်စာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းများ၊ နိုင်ငံတကာကျောင်းဝင်ခွင့် လျှောက်ထားရာတွင် အဓိကလိုအပ်သည့် TOEFL, IELTS, SAT စသည့် စာမေးပွဲဝင်ခွင့်ပြင်ဆင်မှု သင်တန်းများ၊ အခြေခံ Computer နှင့် အခြေခံစာရင်းကိုင် (LCCI Level I, II) သင်တန်းများကို လစဉ်တန်းခွဲသစ်များ ပုံမှန်ဖွင့်လှစ်ပေးနေသည့်အပြင် တစ်ဦးချင်းသီးသန့် သင်ကြားနိုင်ရန်လည်း စီစဉ်ပေးလျက်ရှိသည်။

စက်တင်ဘာ ၇ ရက်တွင် ကျင်းပမည့် နိုင်ငံတကာကျောင်းဝင်ခွင့် စာမေးပွဲဖြစ်သည့် InstitutionalTesting Program (ITP) ဖြင့် စစ်ဆေးသည့် TOEFL စာမေးပွဲအတွက် စာရင်းပေးသွင်းနိုင်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၄၂၄၄နှင့် ၅၄၅၃၇၅တို့သို့ နံနက်၇ နာရီမှ ည၇ နာရီအတွင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရောဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတားပန္နက်တော်တင် မင်္ဂလာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

လာနိုင်မည်ဖြစ်သည့်အပြင် ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေရှိ ဟိုတယ်နှင့် အပန်းဖြေလုပ်ငန်းများသည်လည်း သွားလာမှုအဆင်ပြေလာသည်နှင့်အမျှ သိသာစွာ တိုးတက်ဖြစ်ထွန်းလာတော့မည် ဖြစ်ကြောင်း၊ အလားတူငွေဆောင်ဒေသ၊ ချောင်းသာဒေသရှိငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများသည်လည်း ပိုမိုဖြစ်ထွန်းလာဦးမှာ သေချာလျက်ရှိကြောင်း။

တစ်ခုအကြား စီးပွားရေးအခွင့်အလမ်း၊ လူမှုရေးအခွင့်အလမ်း ကွာဟနေမှုများကို ကျဉ်းကျုတ်သွားရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်အတန်း ပြည့်စုံမြင့်မားလာရေးတို့အတွက်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ စီမံချက်များ ချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အခါတွင်

☆ **ရှေ့ဖုံးမှ**

လွန်ခဲ့သည့် ၁၉၈၈ခုနှစ်ကာလခန့်က ရောဝတီတိုင်း၏ အခြေအနေကို ပြန်ကြည့်လျှင် ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ ဒေးဒရဲတံတား၊ မြောင်းမြတံတားစသည့် ခေတ်မီမြစ်ကူး၊ ချောင်းကူးတံတားများကို တွေ့မြင်ရန်ဆိုသည်မှာ အိပ်မက်များ၊ စိတ်ကူးများထဲ၌သာ ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မော်တော်ကားလမ်း မိုင်စုစုပေါင်း ၄၀၀ကျော်ရှိသည်ဆိုသော်လည်း အဆက်အစပ်နည်းပြီး အပိုင်းလိုက်သာ တည်ရှိခဲ့သည့်အတွက် အားကိုးအားထားပြုနိုင်သော အနေအထား မရှိခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

လမ်းကွန်ရက်ပုံပေါ်

ယခုအခါ ရောဝတီတိုင်းအတွင်း၌ ကတ္တရာလမ်းမိုင်အရှည် ၁၃၀၀ကျော်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တံတားများအနေဖြင့် ပေ ၁၈၀နှင့်အထက် တံတားကြီးစာရင်းဝင် တံတားပေါင်း ၃၉စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်အားလုံးနှင့် ဆက်စပ်အကျုံးဝင်သော လမ်းကွန်ရက်သည် ပုံပေါ်လာနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့တံတားများနှင့်လမ်းကွန်ရက်ဖြစ်ပေါ်လာရန် နိုင်ငံတော်အနေဖြင့် ငွေကျပ် သန်းပေါင်း ၁၉၄၂၀ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ကျော် ကျခံသုံးစွဲခဲ့ရကြောင်း၊ ရောဝတီမြစ်၊ ငဝန်မြစ်၊ ရွှေမြစ်၊ ဘိုကလေးမြစ်၊ တိုးမြစ်၊ ပန်းတနော်ချောင်း၊ အိမ်မဲချောင်း စသည့် မြစ်ချောင်းများကို ပြည်သူများ လွယ်ကူစွာ ဖြတ်ကျော်သွားလာနေကြပြီဖြစ်ကြောင်း။

ပန္နက်တင်မင်္ဂလာ

ငဝန်မြစ်သည် ရောဝတီတိုင်း၌ ရေကြောင်း သွားလာရေးအတွက် အထောက်အကူပြုလျက် ရှိသော်လည်း တစ်ဖက်၌ ကုန်းလမ်းသွားလာမှုကို သဘာဝအရ အဟန့်အတားဖြစ်ပြီး ကုန်စည်သယ်ယူပို့ဆောင် ရောင်းဝယ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရောဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်ကူးပုသိမ်တံတားပန္နက်တော်တင်မင်္ဂလာ အခမ်းအနားတွင် ရတနာပိုင်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ဖောက်ကားမှု၊ လမ်းပန်းဆက်သွယ်မှုတို့ အခက်အခဲဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် ငဝန်မြစ်ကိုဖြတ်ပြီး တည်ဆောက်ထားပြီးသော ငဝန်ရထားတံတား (မြို့ကွင်း)နှင့် ငဝန်တံတား(ငသိုင်းချောင်း)တို့အပြင်ငဝန်တံတား (ပုသိမ်) နှင့် ငဝန်တံတား (မြို့ကွင်း)တို့ကို တည်ဆောက်ရန်လျာထားခဲ့ပြီး ယခုပုသိမ်တံတားကို စတင်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပခြင်းဖြစ်ကြောင်း။

လွယ်ကူမြန်ဆန်

ပုသိမ်တံတား တည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်းရှိ ပုသိမ်မြို့နယ်၊ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၉၃အုပ်စု၊ ရွာပေါင်း ၄၈၈ရွာ၌ နေထိုင်ကြသည့် ပြည်သူသုံးသိန်းကျော်တို့၏ သွားလာဆက်သွယ်ရေးသည် လွယ်ကူမြန်ဆန်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း။

ဈေးကွက်သို့တင်ပို့နိုင်မည်

ဒေသထွက်ကုန် ရေထွက်ပစ္စည်း၊ ဆန်စပါး၊ အုန်းသီးခြောက်နှင့် သစ်တောထွက်ပစ္စည်းများကိုဈေးကွက်သို့ လွယ်လွယ်ကူကူ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အပြင် အမှတ်(၁) စက်မှုဝန်ကြီးဌာနက တည်ဆောက်နေသော သာပေါင်းပျော့ဖတ်စက်ရုံ ပြီးစီးချိန်တွင်လည်း စက်ရုံထွက်ပျော့ဖတ်ပစ္စည်းများကို အချိန်တိုတိုအတွင်း တင်ပို့နိုင်မည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှု မြန်ဆန်လာမည်ဖြစ်ကြောင်း။

ထို့အပြင် မော်တင်စွန်းမှ ပုသိမ်အနောက်ဘက်ခြမ်း တစ်လျှောက်သာပေါင်း-ကြခင်းလမ်း၊ သံတွဲ-ဂွ-ရေနံ့သာ-သာပေါင်း လမ်းတို့မှတစ်ဆင့် ပုသိမ်-ရန်ကုန်လမ်း၊ ပုသိမ်-မုံရွာလမ်းစသည့် ပြည်ထောင်စုလမ်းမကြီးများနှင့် တိုက်ရိုက်ဆက်စပ် သွား

မြင်သာထင်သာတိုးတက်

ယခုကဲ့သို့ လမ်းများ၊ တံတားများ တစ်ခုပြီးတစ်ခု တည်ဆောက်ပေးခဲ့သည့်အတွက် ယနေ့ဆိုလျှင် ရောဝတီတိုင်းသည် အခြားပြည်နယ်၊ တိုင်းများနှင့် ဆက်သွယ်ရာမှာရော၊ တိုင်းနယ်မြေအတွင်းရှိ မြို့နယ်ချင်း ဆက်သွယ်ရာမှာပါ ကုန်းလမ်းခရီးဖြင့် လွယ်ကူမြန်ဆန်စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ရောဝတီတိုင်း၏ နယ်မြေများ တစ်ဆက်တစ်စပ်တည်းပေါင်းကူး ဆက်စပ်သွားလာနိုင်သည်နှင့် အမျှ ရောဝတီတိုင်း၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး စသည့် အခြေအနေများသည်လည်း ယခင်ကနှင့်မတူ မြင်သာထင်သာစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

စီမံချက်များချမှတ်

ပြည်ထောင်စုကြီးအတွင်း၌တိုးတက်ဖွံ့ဖြိုးသည့်ဒေသ၊ တိုးတက်ဖွံ့ဖြိုးဆဲဒေသနှင့် ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသဆိုပြီး နယ်မြေဒေသအမျိုးမျိုးရှိနေရာ နယ်မြေဒေသအားလုံး ဖြစ်နိုင်သမျှ တစ်ပြေးညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေး၊ ဒေသတစ်ခုနှင့်

တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖိဖိစီးစီး အလုပ်လုပ်ကြရန် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလွန်အရေးကြီးကြောင်း။

အလုပ်ကိုတိုးလုပ်

ရောဝတီတိုင်းသားများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အတွေ့အကြုံရှိကြပြီး ရိုးရိုးသားသား၊ ကြိုးကြိုးစားစား လုပ်ကိုင်တတ်သူများဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သော စေတနာဖြင့် စီမံလုပ်ကိုင်ဆောင်ရွက်ပေးထားသည့် အခြေခံကောင်းများအပေါ် အလုပ်ကို နှစ်ဆ၊ သုံးဆတိုးလုပ်ခြင်းဖြင့် တုံ့ပြန်ကြရန်၊ စည်းလုံးညီညွတ်မှုဖြင့် တုံ့ပြန်ကြရန်၊ နယ်မြေအေးချမ်း တည်ငြိမ်မှုကို ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် တုံ့ပြန်ကြရန်၊ တည်ဆောက်ထားသည့် တိုင်းပြုပြည်ပြုလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ခြင်းဖြင့် တုံ့ပြန်ကြရန် ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရောဝတီတိုင်းပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတားပန္နက်တော်တင် မင်္ဂလာ အခမ်းအနားတွင် အမှတ်(၁) ပန္နက်နေရာ၌ ပန္နက်တိုင်ကို ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

⇨ စာမျက်နှာ ၇မှ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်မှ နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

အမြန်ပြီးအောင်တည်ဆောက်မည်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်၊ တိုင်း ဒေသအသီးသီး၌ ငွေကျပ်သန်းပေါင်း ၈၀၀၀၀ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၄၇သန်းကျော် အကုန်အကျခံပြီး လမ်းနှင့်တံတားများကို တည်ဆောက်ပေးခဲ့ကြောင်း၊ ပုသိမ်ဒေသ ယခုထက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်တံတားကို အမြန်ပြီးစီးအောင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ ပုသိမ်တံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား နှုတ်ဆက်စကား ပြောကြားရာတွင် ပုသိမ်တံတားပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူအပေါင်း ကျန်းမာချမ်းသာကြစေရန် မေတ္တာပို့သ နှုတ်ခွန်းဆက်ပါကြောင်း။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး ရောဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် အမှတ်(၄) ပန္နက်နေရာ၌ ပန္နက်တိုင်ကို ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

အစိုးရသည် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံများကို တစ်ခုပြီးတစ်ခု တည်ဆောက်ပေးလျက်ရှိကြောင်း။

သိသာစွာဖွံ့ဖြိုး

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်လပ်မကျန် တစ်ချိန်တည်း တစ်ပြိုင်တည်း မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ကို ဆက်စပ်အကောင်အထည်ဖော်လျက်ရှိသဖြင့် ပြည်နယ်၊ တိုင်းနယ်မြေအသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့သည် သိသာစွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြောင်း။

ယခင်အချိန်က ရောဝတီတိုင်းသည် တည်ငြိမ်အေးချမ်းမှု မရှိဘဲ သောင်းကျန်းမှုအန္တရာယ်များ ရှိခဲ့ခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့ခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရကြောင်း။

အေးချမ်းတည်ငြိမ်

ယခုအခါ ရောဝတီတိုင်းသည် နယ်မြေ အေးချမ်းတည်ငြိမ်ပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်၍ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလျက်ရှိကြောင်း။

ယခင်က ရေလမ်းခရီးဖြင့် ညအိပ်ညနေ ဆက်သွယ်သွားလာခဲ့ရသော ရောဝတီတိုင်းအတွင်းရှိ ခရိုင်ငါးခရိုင်သည် ယခုအခါ တစ်ခရိုင်နှင့်တစ်ခရိုင် ကုန်းလမ်းကြောင်းဖြင့် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ အခြား ပြည်နယ်၊ တိုင်းများသို့လည်း လွယ်ကူ လျင်မြန်စွာ ကူးလူးဆက်သွယ်နိုင်ပြီဖြစ်ကြောင်း။

ဆက်လက်၍ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက မြစ်ချောင်းပေါများသည့် ရောဝတီတိုင်းတွင် နိုင်ငံတော်က လမ်း၊ တံတားများကို တည်ဆောက်ဖောက်လုပ်ပေးခဲ့သဖြင့် ဒေသတစ်ခုနှင့် တစ်ခုကို အချိန်တိုတိုဖြင့် ဆက်သွယ် သွားလာနိုင်ပြီဖြစ်ကြောင်း။

ယခုလည်း ငဝန်မြစ်ကူး ပုသိမ်တံတား တည်ဆောက်မည်ဖြစ်ရာ ရောဝတီတိုင်းဒေသသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ရောဝတီတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားဆောင်ရွက်ပေးမှုများကို ရောဝတီတိုင်းသားများကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

နှုတ်ဆက်စကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရောဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် အမှတ်(၂) ပန္နက်နေရာ၌ ပန္နက်တိုင်ကို ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

မြန်မြန်ခံစားစေလို

ယခုကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေး လုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး၍ အဖြစ်နိုင်ဆုံးအချိန်လု၍ အမြန်ဆုံးတည်ဆောက်လုပ်ကိုင်နေသည်မှာ ယင်းလုပ်ငန်းများ၏ အကျိုးသက်ရောက်မှုကို ပြည်သူများအား မြန်မြန်ဆန်ဆန် ခံစားစေလို၍ဖြစ်ကြောင်း။

ဤပုသိမ်တံတားကိုလည်း အဖြစ်နိုင်ဆုံး အမြန်ပြီးစီးအောင် အားထုတ်ကြိုးပမ်း တည်ဆောက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပန္နက်တင်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အမှတ်(၁) ပန္နက်နေရာ၌ လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အမှတ်(၂)ပန္နက်နေရာ၌ လည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် အမှတ်(၃)ပန္နက်နေရာ၌ လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးသည် အမှတ်(၄) ပန္နက်နေရာ၌ လည်းကောင်း နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် ပန္နက်တိုင်များကို ပန္နက်တင်ပေးကြပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် စက်ခလုတ်နှိပ်၍ ရတနာပိုင်တိုင်ကို ရိုက်သွင်းပေးသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရတနာပိုင်တိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ပန္နက်တော်တင် မင်္ဂလာ အခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရောဝတီတိုင်း ပုသိမ်မြို့ ငဝန်မြစ်ကူး ပုသိမ်တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် အမှတ်(၃) ပန္နက်နေရာ၌ ပန္နက်တိုင်ကို ပန္နက်တင်ပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ပုသိမ်တံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ပုသိမ်တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၈)က တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်သည်။

ပုသိမ်တံတားမှာ သံပေါင်း ကြိုးတံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၂၆၈၀ ရှိမည်ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိမည့် တံတားဖြစ်သည်။

(သတင်းစဉ်)

ရတနာမဥ္ဇူဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၃၁

ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် (၂)လမ်း ရတနာမဥ္ဇူ ဓမ္မရိပ်သာ၌ လယ်တီမူအနာဂါမ် ဆရာသက်ကြီး နည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး) ဦးဆောင်ကာ လစဉ် လပြည့်ကျော် ၈ရက်တွင် ခုနစ်ရက် ဝိပဿနာတရားစခန်း ဖွင့်မည်ဖြစ်သည်။

တရားစခန်းဖွင့်မည့်နေ့ နံနက် ၇နာရီအရောက် အမျိုးသားမှတ်ပုံတင် ယူဆောင်၍ ရတနာမဥ္ဇူဓမ္မရိပ်သာသို့ လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များ မအူပင်မြို့ရှိ ရွှေဘုန်းမြင့်စေတီတော်၏ ဂန္ဓကုဋီတိုက်၌ ကျင်းပသည့် မအူပင်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်များအား ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တ အနုမိဝရအား ပရိက္ခရာရှစ်ပါးကို ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဆရာတော် ဘဒ္ဒန္တ အနုမိဝရအား ပရိက္ခရာရှစ်ပါးနှင့် ဆွမ်းဆန်တော်တို့ကို ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဝန်ကြီးများက ဆရာတော်များအား ပရိက္ခရာ ရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်များ၏ ဘွဲ့မည်နှင့် ဂုဏ်ထူးများကို ကြည်ညိုနိုင်ရန် တင်ပြသည်။

ထို့နောက်ဆရာတော်ဘဒ္ဒန္တ အနုမိဝရက အနုမောဒနာနှင့် ရေစက်ချ တရားတော်ကို ချီးမြှင့်သည်။

ရေစက်ချအမျှပေးဝေ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ဧရာဝတီတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မအူပင်ခရိုင်နှင့် မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်က မအူပင်ခရိုင်၏ အကျယ်အဝန်း၊ မြို့နယ်လေးမြို့နယ် ဖွဲ့စည်းပါဝင်မှု၊ မြို့နယ်အလိုက် လူဦးရေ၊ ခရိုင်၏ စီးပွားရေးစီမံကိန်းများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊လူတစ်ဦးချင်းဝင်ငွေ အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ကျန်းမာရေး တိုးမြင့်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မအူပင်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီမံကိန်းများအောင်မြင်

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ပထမလေးနှစ် စီမံကိန်း၊ ဒုတိယ ငါးနှစ်စီမံကိန်းလျာထားချက်များနှင့် လျာထားချက်ထက်မြင့်မားသည့်နှုန်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိခဲ့သည့် အခြေအနေများ၊တတိယ ငါးနှစ်စီမံကိန်း၏ ပထမနှစ်နှင့် ဒုတိယနှစ်တို့၏ စီမံကိန်းရည်မှန်းချက် အောင်မြင်မှုရရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်း၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုက ကြီးမားစွာ အထောက်အကူပြုနေမှုများ၊ မအူပင်ခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆင့်မြင့်ဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မအူပင်တံတား အပါအဝင် မအူပင်-ဆားမလောက်လမ်း၊ မအူပင်-ကျိုက်လတ်လမ်း စသည့်လမ်းများ တည်ဆောက် ဖွင့်လှစ်နိုင်ပြီးနောက် မအူပင်ခရိုင်သည် သိသိသာသာဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း၊ ယခုအခါ ဖွံ့ဖြိုးရေးဒေသတစ်ခုအဖြစ် မအူပင်ဒေသကို သတ်မှတ်ပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍတို့ကို အဆင့်မြင့်ဆောင်ရွက်ပေးခဲ့ရာ မအူပင်ဒေသသည် အရှိန်အဟုန်ရှိရှိ ပိုမို ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ယင်းအခြေခံကောင်းများကို အခြေပြု၍ မအူပင်ဒေသအပါအဝင် ဧရာဝတီတိုင်းတစ်ခုလုံး ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးစည်ပင်အောင် အားထုတ်ကြိုးပမ်းကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်ကြီး၏ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြဲနိမ့်မြင့် ကွာဟမှု အနည်းဆုံးဖြင့် ဒေသအားလုံးတစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာအောင် ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြို့နယ်တစ်ခုတည်း၊ ခရိုင်တစ်ခုတည်း တိုးတက်ရုံဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဒေသအသီးသီး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအမံရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ရှိရမည်ဖြစ်ကြောင်း၊ မအူပင်ဒေသတွင် လွန်ခဲ့သည့် နှစ် ၄၀ ကျော်ကာလက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုမရှိခဲ့ဘဲ ကျီးလန့်စာစား နေထိုင်သွားလာခဲ့ရကြောင်း၊ ယခု တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများ ရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှုရှိအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

တန်းတူဖြည့်ဆည်း

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကဏ္ဍအသီးသီးတွင် တန်းတူ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူများ၊ ဒေသအတွင်း ရောက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ တပ်မတော်သားများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုပေါ်မူတည်၍ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် စီးပွားဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စပါးကျီလည်းဖြစ်ကြောင်း၊ မိမိတို့တိုင်းနယ်မြေ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်မည် ဟူသည့် စိတ်ဓာတ်မွေးမြူ၍ လုပ်ငန်းများကို အောင်မြင်အောင် ဖိဖိစီးစီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ဒေသအတွက် လိုအပ်သည့် လူကောင်းလူတော်များရရှိအောင်၊ ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင် မအူပင်တက္ကသိုလ်နှင့် နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်များကို ဖွင့်လှစ်ပေးထားပြီးဖြစ်ရာ ပညာရည်မြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အထွေထွေရောဂါကုဆေးရုံ

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မအူပင်ခရိုင်ပြည်သူ့ဆေးရုံကြီး ဝင်းအတွင်းရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းအောင်၊ ခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းဝေနှင့် ခရိုင်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းအောင်က ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများ ရောက်ရှိတာဝန်ထမ်းဆောင်မှု၊ ပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြည်သူများ အားထားယုံကြည်ရသည့် အထူးကုဆေးရုံကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တည်ဆောက်နေဆဲ အထွေထွေရောဂါကု ဆေးရုံအဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မအူပင်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး အထွေထွေရောဂါကု ဆေးရုံအဆောက်အအုံကို ထွင့်ခေါင်ဖွံ့ဖြိုးရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့ အစိုးရနည်းပညာကောလိပ်သို့

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨

ဧရာဝတီတိုင်းမအူပင်မြို့နယ်ရှိ မအူပင်တက္ကသိုလ်ကို တွေ့ရစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၀၃(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၁၀	၇။	ကျေးပင်အက်ရေလှောင်တမံ
၈:၂၀	၈။	တေးဂီတအစီအစဉ်
၈:၃၀	၉။	International News.
၈:၄၅	၁၀။	English for Everyday Use.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice in Reading
၄:၄၀	၄။	တေးဂီတအစီအစဉ်
၄:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၅:၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅	၇။	**တစ်ဘဝစာ (သတ္တိ၊ မေသဥ္ဇာဦး၊ ချောချစ်) (ဒါရိုက်တာ-ရိုးရိုး)**
၅:၃၀	၈။	တေးဂီတအစီအစဉ်
၅:၄၅	၉။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၅	၁၀။	တေးဂီတအစီအစဉ်
၆:၀၅	၁၁။	ပသောင်းတံတား
၆:၁၅	၁၂။	Discovery.
၆:၃၀	၁၃။	ညနေခင်းသတင်း
၇:၀၀	၁၄။	မိုးလေဝသအခြေအနေ
၇:၀၅	၁၅။	ကြည်နူးပျော်ရွှင်ဟာသခွင်
၇:၁၅	၁၆။	နှောင်းခေတ်တေးပဒေသာ
၇:၂၅	၁၇။	မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်
၇:၃၅	၁၈။	တေးဂီတအစီအစဉ်
၇:၄၅	၁၉။	နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး
၈:၀၀	၂၀။	ပြည်တွင်းသတင်း
	၂၁။	နိုင်ငံတကာသတင်းများ
	၂၂။	မိုးလေဝသအခြေအနေ
	၂၃။	**မြန်မာရုပ်ရှင် တမ်းတတတ (အပိုင်း-၂) (ကျော်သူ၊ ထက်ထက်မိုးဦး၊ ထွန်းထွန်းဝင်း) (ဒါရိုက်တာ-မျိုးဇော်အောင်)**
	၂၄။	နောက်တစ်နေ့အစီအစဉ်
	၂၅။	အစီအစဉ်ပြီး၏။

⇨ စာမျက်နှာ ၉ မှ

ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဒေါ်သန္တာညွန့်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ခန်းမဆောင်၌ ကျောင်းအုပ်ကြီးက မအူပင်မြို့ အစိုးရနည်းပညာကောလိပ်၌ သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ဋ္ဌေးဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က မအူပင်မြို့ အစိုးရနည်းပညာကောလိပ်သို့ မအူပင်နှင့် ဆက်စပ်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လိုအပ်သည်များကို မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာခန်း၊ Language Lab Roomနှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မအူပင်တက္ကသိုလ်သို့ ရောက်ရှိကြရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ မအူပင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးစောဝင်းနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက် ကထိကများ၊ နည်းပြများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က မအူပင်တက္ကသိုလ်တွင် ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၁၈ရက်မှစတင်၍ ကျောင်းသား ကျောင်းသူများ တက်ရောက်သင်ကြားခဲ့မှု၊ ဖွင့်လှစ်ထားသည့် သင်တန်းများ၊ မြို့နယ်အလိုက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နိုင်မှုနှင့် သင်ကြား/စီမံကိန်းရပ်များကို ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှတ်တမ်းရေးထိုး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက လိုအပ်သည်များကို မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် စာသင်ခန်းများ၊ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ e-Education Learning Centre နှင့် Electronic Resource Centre တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မအူပင်မြို့ရှိ ရွှေဘုန်းမြင့်စေတီတော်၏ ဂန္ဓကုဋိတိုက်၌ ကျင်းပသည့် မအူပင်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်များအား ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်များအား ပရိက္ခရာ ရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းပိုင်းဆိုင်ရာ မွမ်းမံသင်တန်း (၂/၂၀၀၃) ဆင်း ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းပိုင်းဆိုင်ရာ မွမ်းမံသင်တန်း (၂/၂၀၀၃) ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ အသံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့ နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက် ရှိသော နိုင်ငံတော်အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည်များကို မိမိတို့ သိရှိထားရုံသာမက မိမိတို့ တာဝန်ကျရာဒေသသို့ ရောက်ရှိသည့်အခါ ပြည်သူတစ်ရပ်လုံးကပါ သိရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ရည်ရွယ်ချက်

သင်တန်းကို ရည်ရွယ်ချက် လေးရပ်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းရည်ရွယ်ချက် လေးရပ်မှာ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက် တာဝန်များကို ပိုမိုထိရောက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းပိုင်းဆိုင်ရာ မွမ်းမံသင်တန်း (၂/၂၀၀၃)ဆင်းပွဲ အခမ်းအနားတွင် သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး၊ သင်တန်းသား၊ သင်တန်းသူများ၏ လုပ်ငန်းခွင် စွမ်းဆောင်ရည် ပိုမိုမြင့်မား တိုးတက်လာစေရေး၊ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး ပိုမိုရင့်ကျက်လာစေရေး၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေညက်စွာ တတ်သိနားလည်ပြီး တီထွင်ကြံဆ ဆောင်ရွက်နိုင်ရေးတို့ပင်ဖြစ်ကြောင်း။

လုပ်ငန်းဆောင်ရွက်ရာ၌ အရာရာကို စေတနာထား ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင်ပြန်ကြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် အချက် (၁၄)ချက်နှင့် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လမ်းညွှန်ချမှတ်ပေးထားသည့် ရည်မှန်းချက် ရှစ်ရပ်ကို လိုက်နာကျင့်သုံးရန်လိုအပ်ကြောင်း စသဖြင့် ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထူးချွန်ဆု ပထမရရှိသော ရန်ကုန်ရုံးခွဲမှ ဌာနခွဲမှူး(ပြသ) ဦးစိုးသိမ်း၊ ထူးချွန်ဆု ဒုတိယရရှိသော ပဲခူး(လုပ်ငန်းစု)ရုံးမှ ဌာနခွဲမှူး(လုပ်ငန်းစု) ဗိုလ်ကြီးရဲလင်းနှင့် ထူးချွန်ဆု တတိယရရှိသော ပုသိမ်(လုပ်ငန်းစု)ရုံးမှ ဌာနခွဲမှူး(လုပ်ငန်းစု) ဦးခင်မောင်ကျော်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းစိန်က သင်တန်း၌ ထူးချွန်ဆု ရရှိကြသော အမှုထမ်းများအား ဆုများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းမှူးအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်းအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သင်တန်း၌ ပါဝင်ကူညီခဲ့ကြသော သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)နှင့် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ရုံးခွဲများမှ သင်တန်းသား အရာထမ်း၊ အမှုထမ်း ၄၂ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၃၀ရက်မှစ၍ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းပိုင်းဆိုင်ရာ မွမ်းမံသင်တန်း (၂/၂၀၀၃)ဆင်းပွဲ အခမ်းအနားတွင် သင်တန်းတွင် ပါဝင်ကူညီခဲ့ကြသော သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၈-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ နားဝင်ငြိမ့်စီး သီချင်းကြီး
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၄:၅၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ်(သမိုင်း)
(ခ)ဒုတိယနှစ်(ဒဿနိကဗေဒ)
၅:၃၅ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နှလုံးလှဆရာဝန်(အပိုင်း-၁၅)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း** (အဋ္ဌမဆယ်စုနှစ်) အပိုင်း(၅)
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း-၃)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ခြောက်တိုင်းလည်း မကြောက်နဲ့

ပျိုးခင်းဈေးပွဲတော် ဆက်လက်ဖွင့်လှစ်ရောင်းချ

ရန်ကုန် ဇူလိုင် ၃၁

ဟင်းသီးဟင်းရွက်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သလို ဝယ်ယူနိုင်ရန် ပျိုးခင်းဈေးပွဲတော်ကို ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်၌ ဆက်လက် ဖွင့်လှစ်လျက်ရှိသည်။ အရောင်းဆိုင်တွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့ စိုက်ပျိုးရေးခြံမှထွက်ရှိသော စပျစ်သီး၊ မန္တလေးတိုင်း မိတ္ထီလာမြို့ စပျစ်ခြံမှထွက်ရှိသော နဂါးမောက်သီးများကို ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေး အထောက်အကူပြုကိရိယာများကိုလည်း လွယ်ကူစွာဝယ်ယူနိုင်သည်။ (သတင်းစဉ်)

မြစ်သာ မြစ်အတွင်း — ငါးမျိုး စိုက်ထည့်

ကလေး ဇူလိုင် ၂၄

ကလေးတပ်နယ်နှင့် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးမြို့နယ် တောင်အူကျေးရွာတွင် ငါးမြစ်ချင်းသားပေါက်နှင့် ငါးမှန် သိန်း ၄၀ ကို မြစ်သာမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနား ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေး၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးချစ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဘွေမုန်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်၍ မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။ (၄၅၇)

ကလေးမြို့နယ် တောင်အူကျေးရွာတွင် ငါးမြစ်ချင်းသားပေါက်နှင့် ငါးမှန်သိန်း ၄၀ ကို မြစ်သာမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြစဉ်။ (၄၅၇)

ရပ်စောက် မြို့နယ်အဆင့် ကောက်စိုက်ပြိုင် လယ်ယာ–၁၆ စက်စွမ်းရည် ပြပွဲပြိုင်ပွဲ ကျင်းပ

ရပ်စောက် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ၂၀၀၃ ခုနှစ် ကောက်စိုက်ပြိုင်ပွဲနှင့် လယ်ယာ–၁၆ စက်စွမ်းရည်ပြပွဲပြိုင်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီက မကျီးကုန်းကျေးရွာအုပ်စု လွယ်တိုး ၃၃ ရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန်က ကောက်စိုက်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်

ဆက်လက်၍ လယ်ယာ–၁၆ စက်စွမ်းရည် ပြပွဲပြိုင်ပွဲကို ကျင်းပသည်။ ထို့နောက် ကောက်စိုက်ပြိုင်ပွဲတွင် ပထမရရှိသည့် မကျီးကုန်းကျေးရွာအုပ်စု ကောက်စိုက်အဖွဲ့၊ ဒုတိယရရှိသည့် ဖောင်းတောကျေးရွာအုပ်စု ကောက်စိုက်အဖွဲ့၊ တတိယရရှိသည့်ယမ်းတွင်းကျေးရွာအုပ်စု ကောက်စိုက်အဖွဲ့တို့နှင့် လယ်ယာ–၁၆ စက်စွမ်းရည်ပြပွဲပြိုင်ပွဲတွင်ပထမရရှိသည့်မားသဲကျေးရွာအုပ်စုစက်အဖွဲ့၊ ဒုတိယရရှိသည့် လွယ်တိုးကျေးရွာအုပ်စု စက်အဖွဲ့၊ တတိယရရှိသည့် မကျီးကုန်းကျေးရွာအုပ်စု စက်အဖွဲ့တို့ကို ဆုများ ချီးမြှင့်ကြသည်။ **(ယာပုံ)** **(၃၅၄)**

ဇူလိုင် ၁၀ ရက်က တောင်ကြီးမြို့ ကမ္ဘောဇခန်းမတွင် တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းကိုက တပ်ဖွဲ့ဝင် မိသားစုများ၏ သားသမီးများအတွက် ပညာသင်စရိတ်ငွေကျပ် ၁၀၁၉၀၀ကို ပေးအပ်ရာ ကျောင်းသူ၊ ကျောင်းသားများကိုယ်စား ခရိုင်ရုံးရဲမှူး(ဦးစီး) တင်ဦးက လက်ခံရယူစဉ်။ (၂၄၀)

မအူပင်မြို့နယ်၌ ဂုန်လျှော်များ စိုက်ပျိုးအောင်မြင် တောင်သူများအား ပင်ထောင်ကြိုတင်ငွေများ ထုတ်ပေး

မအူပင် ဇူလိုင် ၂၅

မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မအူပင်ဇုန်ဂုန်လျှော်စိုက်ပျိုးရေးနှင့် ဝယ်ယူရေးဌာနတို့၏ ကြီးကြပ်မှုဖြင့် မအူပင်မြို့နယ်၌ ဂုန်လျှော်များ စိုက်ပျိုးအောင်မြင်လျက်ရှိရာ ဇွန် ၂၄ ရက်မှစ၍ ရွှေတောင်မော်ကျေးရွာအုပ်စုနှင့် တော်တလုပ်ကျေးရွာအုပ်စု နယ်မြေအတွင်းရှိ ဂုန်လျှော်စိုက် မိတ်ဖက်တောင်သူများအား ဂုန်လျှော် ပင်ထောင်ကြိုတင်ငွေများကို ထုတ်ပေးလျက်ရှိသည်။

ကွင်းဆင်းကြီးကြပ်

ယင်းသို့ ပင်ထောင်ကြိုတင်ငွေထုတ်ပေးသည့် စခန်းနယ်မြေများသို့ ဇုန်မန်နေဂျာ ဦးရဲဝင်း၊ စက်ရုံမှူး ဦးမြင့်သိန်း၊ မြို့နယ်မန်နေဂျာ ဦးချိန်စွမ်းနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။

မအူပင်မြို့နယ်တွင် ၂၀၀၃–၂၀၀၄ ခုနှစ်၌ ဂုန်လျှော်စိုက်ကျေးရွာ ၁၈ အုပ်စုသို့ ဂုန်လျှော်ဝယ်ယူရေး ကြိုတင်ငွေ ကျပ်သိန်းပေါင်း ၃၁၃ သိန်းကို ပထမအကြိမ် ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ (၃၅၉)

ပုလဲရွှေပြည် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ပုလဲ ဇူလိုင် ၂၇

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ပုလဲ ရွှေပြည်အထွေထွေစီးပွားရေးသမဝါယမ အသင်းစုလီမိတက်၏ ၂၀၀၂–၂၀၀၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမခန်းမ၌ ဇူလိုင် ၂၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အေးနှင့်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဆလိုင်းဘဝင်းတင်တို့က အမှာစကားပြောကြားသည်။

စုပေါင်းပေးအပ်

ထို့နောက်ဒါရိုက်တာအဖွဲ့၏လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို တင်သွင်းအတည်ပြုကြပြီး သမဝါယမအသင်းများ၏ စာရင်းစစ်ကြေး ၁၁၂၄၂၇ ကျပ်နှင့် ဝင်ငွေခွန် ၂၈၁၇၂ ကျပ်ကို စုပေါင်းပေးအပ်ကြသည်။

ယင်းနောက်အသင်းဥက္ကဋ္ဌ ဦးလေးမောင် ဦးဆောင်သော ဒါရိုက်တာအဖွဲ့ဝင်ခုနစ်ဦးနှင့် အသင်းသား စာရင်းစစ် နှစ်ဦးကို ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိရွေ့မှောက်၌ ကတိသစ္စာ ခံယူကြသည်။

(မြို့နယ်ပြန်/ဆက်)

နိုင်ငံသားကတ်ပြား ကွင်းဆင်းဆောင်ရွက်

ဖြူး ဇူလိုင် ၂၈

ဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသား စိစစ်ရေး ကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ရေပြားကျေးရွာတွင် ဇူလိုင် ၂၂ ရက်က ပြုလုပ်သည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲတွင် မြို့နယ်ဦးစီးအရာရှိ ဦးမောင်မောင်က နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျေးရွာသူ၊ ကျေးရွာသားများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်သည်။ **(၁၄၀)**

ဇူလိုင် ၁၅ ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဇော်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းသိန်းတို့ အမှတ်(၁၅)ရပ်ကွက် (၁၁)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

မကွေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်မိမိ ဇူလိုင် ၁၅ ရက်က မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီမှ ဖွင့်လှစ်ထားသော စေတနာညကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးစဉ်။ (၅၀၄)

ကျောင်းကုန်း ကျေးလက်လမ်း သစ်ဆိမ့်ပင် စုပေါင်းစိုက်ပျိုး

ကျောင်းကုန်း ဇူလိုင် ၂၀

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက မကျီးပင်ကွင်းကျေးရွာနှင့် ဝွေးကုန်းကျေးရွာ ဆက်သွယ်သည့် ကျေးလက်လမ်းတစ်လျှောက်တွင် ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ၊ ရွာသားများ စုပေါင်း၍ အရိပ်ရအပင်များနှင့် သစ်ဆိမ့်ပင် ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(၃၆၅)**

အခြေခံစာရင်းကိုင်သင်တန်း အောင်လက်မှတ်ပေးအပ်

ညောင်လေးပင် ဇူလိုင် ၂၆

စာရင်းစစ်ချုပ်ရုံးမှကြီးမှူး၍ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စာရင်းရုံး၌ ဖွင့်လှစ်ခဲ့သည့် အခြေခံစာရင်းကိုင်သင်တန်းအမှတ်(၁၁)နှင့် (၁၃) သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်စာရင်းစစ်အရာရှိဦးတင်ထိပ်က အောင်လက်မှတ်များ ပေးအပ်သည်။ **(၁၂၆)**

ပြည်ထောင်စုဒေသတစ်ဝန်း တည်ဆောက်ခြင်းမှသည် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဦးတည်

ရေသောက်ဧရိယာသို့ ရေသွယ်ပေးရန်

ရေတာရှည်မြို့နယ် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံကို များမကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဆည်သောက်ရေပေးရန်အတွက် ရေထုတ်ပြွန်မှ ထုတ်လွှတ်သောရေကို ရေသောက်ဧရိယာသို့ ရေမြောင်းဖြင့် ရေသွယ်ပေးရန် ဆောင်ရွက်ထားသည်ကို ဇွန်လ ၁၀ ရက်က တွေ့ရသည်။

[ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]

နယ်စပ်ဒေသ သွေးချင်းတို့ အဆင့်မြင့်ပညာသင်ကြားနိုင်ပြီ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံဒေသကို နိုင်ငံတော်အစိုးရက ဂုဏ်ပြုသည့်အနေဖြင့် ပင်လုံတက္ကသိုလ်၊ ပင်လုံအစိုးရကွန်ပျူတာကောလိပ်၊ ပင်လုံနည်းပညာကောလိပ်တို့ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။ သို့ဖြစ်၍ တောင်တန်းဒေသရှိ တိုင်းရင်းသား မျိုးဆက်သစ် လူငယ်များ ခေတ်မီစွာဖြင့် အဆင့်မြင့် ပညာများ သင်ကြားခွင့်ရရှိနေကြပြီဖြစ်သည်။ (ပုံမှာ-ပင်လုံတက္ကသိုလ် ကြီးတွင် ကွန်ပျူတာများကိုင်တွယ်သုံးစွဲ၍ ပညာသင်ကြားနေသည့် ကျောင်းသူများကို ဤသို့ တွေ့ရသည်။) (ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)

ဓာတ်ပုံ မှတ်တမ်း	အောင်မိုး (ကြေးမုံ) ခရမ်းစိုးမြင့် ရေချမ်းမြင့်

ခရီးတိုသွား ရထားစက်ခေါင်း

မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံက ထပ်တိုးရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည့် ခရီးတိုသွား LRBE-စက်ခေါင်းကို ဤသို့တွေ့ရစဉ်။ (အင်းစိန်စက်ခေါင်းစက်ရုံသည် အဆိုပါ LRBE-ခရီးသွား စက်ခေါင်း ၁၄ လုံး တည်ဆောက်ပြီးစီးခဲ့၍ ယခုအခါ ခရီးတိုသွား လူစီးရထားနှင့် ကုန်တွဲများ၌ လော်ကယ်ရထား ဒီဇယ်စက်ခေါင်းများနေရာတွင် အစားထိုးပြေးဆွဲလျက်ရှိနေပေပြီ။)

(ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)



သင်ပုန်းတမံ ရေထုတ်ပြွန်

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းရှိ သင်ပုန်းရေလှောင်တမံ စီမံကိန်းအရ သတ်မှတ်ချိန်အမီ ပြီးစီးရန် တည်ဆောက်နေသော ရေထုတ်ပြွန်ကို ဇူလိုင် ၁၅ ရက်က ဤသို့ တွေ့ရသည်။

[ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]

နိုင်ငံတော်၏စေတနာ ခေတ်မီသော ကျေးလက်အိမ်ရာ

သတင်းဆောင်းပါး-သူရစိုးအောင်
ဓာတ်ပုံ-နယ်စပ်/ စည်ပင်

ရန်ကုန် ဇူလိုင် ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနသည် ယခင် မြူနီစီပါယ်လုပ်ငန်းများ၊ ဒီစတြိတ်ကောင်စီလုပ်ငန်းများဖြစ်သော မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၂၄ မြို့နယ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြို့နယ် ၃၃ မြို့နယ်၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်သည့် ငါးမြို့နယ်မှအပ ကျန်မြို့နယ်အားလုံး၏ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အပြင် မြို့ ၄၃ မြို့၏ စည်ပင်သာယာရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိသည်။ မြောက်ဘက်တွင် နောင်မွန်း၊ အရှေ့ဘက်တွင် တာချီလိတ်၊ တောင်ဘက်တွင် ကော့သောင်း၊ အနောက်ဘက်တွင် မောင်တော မြန်မာပြည် တစ်နံတစ်လျား နယ်စပ်ဒေသမကျန် မြို့ပြ ကျေးလက်ဒေသအားလုံး စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဟန်ချက်ညီညီ

ပြည်ထောင်စုကြီးတစ်ရပ်လုံးအရှိန်အဟုန်ဖြင့်ဟန်ချက်ညီညီ မျှမျှတတ တိုးတက်ဖွံ့ဖြိုးရေး၊ မြို့နှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်း မရှိရေးအတွက် စည်ပင်သာယာရေး အဖွဲ့များကလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စည်ပင်သာယာရေးဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေး အဖွဲ့များသည် ၁၉၉၇ ခုနှစ်မတိုင်မီက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ မြို့ပြလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေရရှိရေး

စည်ပင်သာယာရေးဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ၂၀၀၀-၂၀၀၁ ခု ဘဏ္ဍာရေးနှစ်မှစ၍ ကျေးလက်လမ်းတံတားနှင့် ရေပေးရေးနှစ်အဖြစ် သတ်မှတ်ပြီး ကျေးလက်လမ်းတံတားစီမံကိန်းများ ဆောင်ရွက်ရာမှာ ၂၀၀၁-၂၀၀၂ ခု ဘဏ္ဍာရေးနှစ်၊ ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်း ၂၉၉၅ မိုင် ဆောင်ရွက်ခဲ့ပြီ ကျေးလက် ရေပေးရေးလုပ်ငန်းစီမံကိန်းအရ ၂၀၀၀-၂၀၀၁ခုဘဏ္ဍာရေးနှစ်မှ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၈၄၈၉ ရွာတွင် ရေရရှိရေး လုပ်ငန်းပေါင်း ၁၀၇၂၇ ဆောင်ရွက်နိုင်ခဲ့ပေသည်။

အောင်မြင်ဖြစ်ပေါ်

နိုင်ငံတော်မှကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းစဉ် ငါးရပ်ချမှတ်ခဲ့ရာ ပထမနှင့် ဒုတိယလုပ်ငန်းစဉ် များဖြစ်သော ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ ကျေးလက်ဒေသ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေး လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များက ရန်ပုံငွေသုံးစွဲ၍ ဖောက်ချဆောင်ရွက်သကဲ့သို့ နိုင်ငံတော်ကလည်း ငွေကြေးများ ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေများဖြင့် ကျေးလက်ရေရရှိရေးကို ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်ဖြစ်ပေါ်နေပြီ ဖြစ်သည်ကို အများသိရှိပြီးဖြစ်သည်။ မကြာမီကာလတွင် အပူပိုင်းဒေသ မြို့နယ်အချို့တွင် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး ရေရရှိတော့မည်ဖြစ်သည်။

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ခဲ့သော ကံကြီးကျေးရွာရှိ ဦးခင်မောင်ကြည်၏ နေအိမ်။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ရိုးမအနောက်

ထို့အပြင်စည်ပင်သာယာရေးအဖွဲ့များက ရိုးမအနောက်ခရိုင်ချင်းဆက် ကျေးလက်လမ်းများကို ဖောက်လုပ်လျက်ရှိသည်။ အဖွဲ့ပိုင်ယာဉ်ယန္တရားများဖြင့် လူအားမသုံးဘဲ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်။ မိုးနည်းဒေသများတွင် မိုးရာသီအတွင်း၌ပင် ရပ်နားခြင်းမရှိဘဲ နေ့ညမဟူ ဖောက်လုပ်နေသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အတွင်းကျပြီး ဖွံ့ဖြိုးမှုနောက်ကျနေသည့် ကျေးလက်ပြည်သူများ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့်အတွက် လုံခြုံရေး၊ ကျန်းမာရေး၊ပညာရေး၊ စီးပွားရေးများ ကောင်းမွန်တိုးတက်နေပေပြီ။

စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာစီမံကိန်းချမှတ်ကာ ဆောင်ရွက်နေသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသည် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျေးလက်တန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်လျက်ရှိသည်။ မြို့နယ် ၅၉ မြို့နယ်တွင် အိမ် ၄၇၅ လုံး ဆောက်လုပ်ရန် လျာထားခဲ့သည်။ သစ်နှင့်သွပ်ကို နိုင်ငံတော်က တန်ဖိုးချိုသာစွာဖြင့် ရောင်းချပေးပြီး အိမ်များဆောက်လုပ်ခြင်းကို စည်ပင်သာယာရေးအဖွဲ့များက ကူညီအကောင်အထည်ဖော် ဆောင်ရွက်ပေးသည်။

အောင်လံမြို့နယ် မိုးကောင်းကျေးရွာမှ ဆောက်လုပ်ဆဲ ကျေးလက်အိမ်ရာများ။
(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

အရည်အသွေးကောင်းမွန်ရေး

စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်အိမ်ရာများကို ဆောက်လုပ်နေရာတွင် ငွေကြေးအကုန်အကျနည်း၍ အရည်အသွေး ကောင်းမွန်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများကလည်း လုပ်အားနှင့် စေတနာပေါင်းစပ်၍ စီမံကိန်းအောင်မြင်ရေး ကြိုးပမ်းလျက်ရှိသည်။

မိမိသည် ပြီးခဲ့သောဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ မကွေးတိုင်းအတွင်း ကျေးလက်ဒေသများရှိ ကျေးလက်အိမ်ရာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အိမ်ရှင်များက နိုင်ငံတော်၏စေတနာနှင့် လုပ်ငန်းအကောင်အထည်ဖော်ပေးသော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားသည်။ အောင်လံမြို့နယ် မိုးကောင်း ကျေးရွာအိမ်များကို သွားရောက်ကြည့်ရှုခဲ့ရာတွင် အိမ်ရှင်တစ်ဦးက သူ၏ဆောက်လုပ်ပြီး အိမ်တွင် အိမ်ရှင်အပြင် အခြားအိမ်ဆောက်လုပ်သူများပါ လာရောက်ကြပြီး ရေနွေးကြမ်း၊ လက်ဖက်၊ ကွမ်း၊ ဆေးပေါ့လိပ်၊ ၄က်ပျောသီး၊ ထန်းလျက်များဖြင့် မြန်မာ့ဓလေ့ ရိုးရာအစဉ်အလာအရ လှိုက်လှဲပျူငှာစွာ ဧည့်ဝတ်ပြုခဲ့ပါသည်။ ထိုအခါ မိမိအနေဖြင့် ကြည်နူးဝမ်းသာပီတိဖြစ်သကဲ့သို့ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ လုပ်ဆောင်နိုင်မှုအတွက်လည်း ဂုဏ်ယူနေမိသည်။

နိုင်ငံတော်၏စေတနာ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်နေသော ကျေးလက်အိမ်ရာ စီမံကိန်းကား အလားအလာကောင်း အောင်မြင်နေပါပြီ။ ကျေးလက်ပြည်သူများက ဝမ်းသာကြည်နူးပြီး နိုင်ငံတော်၏စေတနာကို အမှန်တကယ်သိရှိ ကျေးဇူးတင်နေကြသည်မှာ ကိုယ်တွေ့ပင်ဖြစ်ပါသည်။

ဇူလိုင် ၂၁ ရက်တွင် ကျင်းပသော စည်ပင်သာယာရေး ဦးစီးဌာနနှင့် ပြည်နယ်၊တိုင်း စည်ပင်သာယာရေး အဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးက အဓိကအချက်သုံးချက် ဆွေးနွေးမှာကြားခဲ့သည်။ ကျေးလက်အိမ်ရာစီမံကိန်းများ အောင်မြင်ရေး၊ ရိုးမအနောက် ခရိုင်ချင်းဆက်ကျေးလက်လမ်းများ အမြန်ပြီးစီးရေး၊ ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးမှုအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဒေသကြက်မွေးမြူရေးလုပ်ငန်းများတွင် အောက်ခြေအထိ ကွင်းဆင်းကူညီဆောင်ရွက်ရေးကို မှာကြားခဲ့သည်။

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းများကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မိမိတို့တာဝန်ကျရာ အခန်းကဏ္ဍမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့်ဒေသခံပြည်သူ များ၏ အားပေးကူညီမှု၊ ပူးပေါင်း ဆောင်ရွက်မှုများလည်း ရရှိနေပြီဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေသော ကျေးလက်အိမ်ရာများတွင် ဝါမဝင်မီ တက်ရောက်နေထိုင်သူများရှိသကဲ့သို့ဝါကျွတ်ကာလတွင်လည်းကျေးလက်ပြည်သူမိသားစုများ ပျော်ရွှင်ချမ်းမြေ့စွာ တက်ရောက်နေထိုင်ကြတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရမည်။ ။

အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၁

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှု ဘာသာရပ်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် တနင်္ဂနွေနေ့ နံနက်တိုင်း သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်ရန်စိတ်ပါဝင်စားသူ အသက် ၁၀နှစ်မှ ၁၈နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများသည် ဒေါ်ခင်နွဲ့ဟန်ကြည် ညွှန်ကြားရေးမှူး ဖုန်း-၆၆၅၄၉၁နှင့် ဦးကြည်လွင် လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၆၆၅၃၈၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပြီး ဩဂုတ် ၁၀ ရက် နောက်ဆုံးထား၍ ပြည်ပသာသနာပြုဌာနခွဲ (ပိဋကတ်တိုက်)၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြည်နယ်နှင့်တိုင်း မေးခွန်းများကို ဖြေဆိုပေးထားသည့် ဦးရဲဝေ (မြန်မာစာ)၏ ဒသမတန်း သင်ရိုးသစ် မြန်မာစာသင်ရိုးကုန် လေ့လာချက်စာအုပ် မျက်နှာဖုံး။ (ယာပုံ)

(က-ပ)



ဝါတွင်းတရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၁

မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီး၌ ဒုတိယအကြိမ် ဝါတွင်းအထူးတရားစခန်းပွဲကို ဩဂုတ် ၅ရက်မှ ၁၄ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒက တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီဦးရေ ကန့်သတ်ထားသဖြင့် တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၇၀၁၇၇၈ သို့ ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သစ္စာလေးပါးတရားတော် ဟောကြားမည်

ရန်ကုန် ဇူလိုင် ၃၁

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် (၄)ဝိုင်း အောင်သိဒ္ဓိ သဒ္ဓမ္မာရာမ ဆရာတော်၊ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သဒ္ဓမ္မသာရ အရှင်သူမြတ်သည် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၈)လမ်းအထက် သီရိဓမ္မာရက္ခိတဓမ္မာရုံကြီး၌လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်ရှိ ရွှေခေါင်းလောင်းကြီး တန်ဆောင်း၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

*** ချော့တိုင်းလည်း မပျော့နဲ့**

ပဥ္စမအကြိမ် ကမ္ဘောဇသာမဏေကျော်စာမေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၁

တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ် ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ပဥ္စမအကြိမ် ကမ္ဘောဇသာမဏေကျော်စာမေးပွဲကို ၁၃၆၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်(၂၀၀၃ခုနှစ် အောက်တိုဘာ ၁၇ ရက်)မှ စတင်၍ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ အောက်တိုဘာ ၂၃ ရက်အထိ ခုနစ်ရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။ ပထမဆင့်ဖြေဆိုသူများသည် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်တွင် နှုတ်မေးခွန်းဖြေဆိုရမည်ဖြစ်ပြီး ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် သုံးဆင့်လုံးအတွက် သဘောရေးဖြေကို သီတင်းကျွတ်လပြည့်ကျော် ၈ရက်၊၉ရက်နှင့် ၁၀ရက်များတွင်ဖြေဆိုရမည်ဖြစ်သည်။

စာမေးပွဲ ဖြေဆိုလိုသော ရှင်သာမဏေများသည် ဝင်ခွင့်ပုံစံများ တောင်းယူပြီး တော်သလင်းလပြည့်၊ စက်တင်ဘာ၁၀ရက်ထက် နောက်မကျစေဘဲ အတွင်းရေးမှူး ဦးထွန်းအေးလေး မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်ရပ်ကွက် တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၆၇၃ သို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံဈေးကြီး သိန်းသန်းစက်မှုလက်မှု (၇၇၇) ခြေတုလက်တုလုပ်ငန်းမှ ဦးကျော်ထွန်း-ဒေါ်ညွန့်တို့ကို အမှူးထား၍ မင်္ဂလာဒုံ ဈေးသူ၊ဈေးသားများ ဝါတွင်းကာလ တနင်္လာနေ့တိုင်း ပင့်သံဃာ ၁၀၈ ပါးတို့အား အရုဏ်ဆွမ်းလောင်းလှူကြစဉ်။ (က-ပ)

ဟိုတယ်လုပ်ငန်းရှင်များအသင်း(တောင်ကြီးဇုန်)ဖွဲ့စည်း

ရန်ကုန် ဇူလိုင် ၃၁

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်သည် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ရွှေနှင့် တာဝန်ရှိသူများ၊ အသင်းအမှုဆောင်များလိုက်ပါလျက် ဇူလိုင်၂၇ရက်တွင် တောင်ကြီးမြို့သို့ ရောက်ရှိပြီး Eden Garden Resort Hotel ၌ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (တောင်ကြီးဇုန်)ဖွဲ့စည်းရေး အခမ်းအနားသို့ တက်ရောက်သည်။ ဖွဲ့စည်းရေးအခမ်းအနားတွင် ဟိုတယ်လုပ်ငန်းရှင်များအသင်း တောင်ကြီးဇုန်ကို တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ပင်းတယတို့မှ လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် အမှုဆောင် ၁၃ ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ပေါ်ရှိ တောင်ကြီးဟိုတယ်၊ Eastern Hotel၊ Hotel Empire နှင့် ဆောက်လုပ်ဆဲဖြစ်သည့် November Hotel တို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ကျောက်တံတားမြို့နယ် ဦးစီးဌာနမှူးရုံးတွင် ဇူလိုင်၂၈ ရက်က နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးရဲဆွေက ကတ်ပြားများပေးအပ်စဉ်။ (က-ပ)

တတိယအကြိမ်မြောက် မြန်မာ-တရုတ် ကောင်စစ်ဆိုင်ရာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

တတိယအကြိမ်မြောက် မြန်မာ-တရုတ် ကောင်စစ်ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ကျင်းပရာ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းမြင့် ခေါင်းဆောင်သော ကာကွယ်ရေးဝန်ကြီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ချူရှောက်ပန်း ခေါင်းဆောင်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် နိုင်ငံခြားရေးဌာနခွဲမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာနကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းမြင့်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ချူရှောက်ပန်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ-တရုတ်နှစ်နိုင်ငံ ကောင်စစ်ရေးရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အပြန်အလှန်နားလည်မှု

မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ဆက်ဆံမှုများ တိုးတက်လာသည့်အလျောက် ပုံမှန်ကောင်စစ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်းသည် လိုအပ်၍ အကျိုးရှိပြီး နှစ်နိုင်ငံ အပြန်အလှန် နားလည်မှုကို တိုးတက်ဖြစ်ပေါ်စေသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်အား ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့်အမှတ်(၁) စက်မှုလမ်းထောင့်ရှိ ပြည်ထဲ ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ သွားရောက်တွေ့ဆုံနှုတ်ဆက်ဂါရဝပြုကြသည်။ (သတင်းစဉ်)

အီလက်ထရောနစ်စက်ပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၁

ဝါရင့်ကျွမ်းကျင်လက်ရွေးစင်အင်ဂျင်နီယာများ ဦးစီးသင်ကြားမည့် ရေခဲသေတ္တာ၊ လေအေးပေးစက်စာတွေ့လက်တွေ့၊ လက်တွေ့အသုံးချ လျှပ်စစ်သင်တန်း အီလက်ထရောနစ်သင်တန်း (ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ဗီဒီယို)၊Programmable Logic Controls (PLC) ရေးဆွဲနည်း စာတွေ့ လက်တွေ့သင်တန်းသစ်များကို ဩဂုတ်၄ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ ဖုန်း-၀၁-၂၄၂၂၂၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကွန်ပျူတာသင်တန်းခွဲဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်မြို့ နှင်းဆီလမ်း အလုံမြို့နယ် ခန်းမရှေ့ အမှတ်(၇၆)ရှိ Peace World Computer Sales and Service Centre နှစ်ပတ်လည် အဖြစ် Peace Global ကွန်ပျူတာသင်တန်းခွဲကို လမ်းမတော်မြို့နယ် အနော်ရထာလမ်း ရွှေပုဇွန်မုန့်တိုက် အပေါ်ထပ် အမှတ် ၂၃၈/၂၄၂ ဖုန်း-၂၂၁၉၃၂၂တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ထားသည်။သင်တန်းတွင်အခြေခံသင်တန်းမှစ၍ ကွန်ပျူတာပရိုဂရမ်ရေးနည်းသင်တန်း၊ ကွန်ပျူတာစက်ပြင်သင်တန်းများ၊ ကွန်ပျူတာချိတ်ဆက်ခြင်းသင်တန်းများအပြင် Linux Server Installation and Administration သင်တန်းကို ထည့်သွင်းဖွင့်လှစ်ထားသည်။ အသေးစိတ်သိလိုပါက ဖုန်း-၂၂၀၅၈၆ နှင့် ၀၉၈၀-၂၄၂၉၄ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကုမ္ပဏီလမ်းညွှန်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၁

စီးပွားရေးလုပ်ငန်းများအား နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ကြရာတွင် အဆင်ပြေချောမွေ့နိုင်စေရန်ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီလမ်းညွှန် Grammar-Based Business English နှစ်လသင်တန်းကို ဩဂုတ်၉ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် Basic Grammar Application in Business, International Business Communication, Grammar-Based Explanation on Business Topics, Market Penetration Strategies, Business Management Process ဘာသာရပ်များကို အင်တာနက်မှအချက်အလက်များနှင့် ပေါင်းစပ်၍သင်ကြားပေးမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် ကုမ္ပဏီလမ်းညွှန်အမှတ် (၂၇၆) ၃၉လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၂၄၂၅၈၃သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြကြောင်းနှင့် သင်တန်းသား ၁၅ဦးကိုသာလက်ခံမည်ဟုသိရသည်။(က-ပ)

✳ မြောက်တိုင်းလည်း မမြောက်နဲ့

မွေးနေ့ဆုတောင်း

ဖေဖေဦးတင်လှိုင်ရဲ့ ၁-၈-၂၀၀၃နေ့ မွေးနေ့မင်္ဂလာမှသည် နှစ်(၁၂၀)တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မိသားစုများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ဘာသာ သာသနာအကျိုး၊ တိုင်းပြည်အကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

ချစ်ဇနီး- ဒေါ်ခင်လှလှ

ချစ်သားသမီးများ ကိုစိုးမင်းထွန်း-မမကြီး

ကိုမျိုး-မလတ်

ကိုအောင်စည်သူ-မချယ်ရီ

ကိုလမင်း-ထွေးလေး

ချစ်မြေးများ ပန်းပန်း၊သားသားကြီး၊ သက်ထား၊ဂါးဂါး၊သဲသဲ။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်

National Development Co., Group Ltd.

(NDCG) ၏

အစုရှယ်ယာများ စတင်ရောင်းချခြင်း နှင့် အစုပေါ်အမြတ်ငွေ ထုတ်ပေးခြင်း

National Development Co., Group Ltd.(NDCG) အများပိုင် ကုမ္ပဏီကြီးသည် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် အများပြည်သူများပါဝင်ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီကြီး တစ်ခုဖြစ်ပြီး ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဖြန့်ဖြူးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများ၊စက်မှုဆိုင်ရာစက်ရုံလုပ်ငန်းများ နှင့် အိမ်ရာဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အများပိုင်ကုမ္ပဏီဖြစ်သည့်အားလျော်စွာ အများပြည်သူများအနေဖြင့် (NDCG) သို့ပါဝင်ခွင့်ရရှိနိုင်ရန် သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၆ ၊ ၁၂ ၊ ၁၃)အရအစုရှယ်ယာတစ်စုလျှင်မူလအစုတန် ဖိုး (၁၀၀၀ဝိ/-) နှင့် ပရီမီယံ(၄၀၀ဝိ/-)အပါအဝင် ကျပ်(၁၄၀၀၀)နှုန်းဖြင့် (၃၀.၈.၂၀၀၃)နေ့အထိ **အများပြည်သူများသို့ရောင်းချပေးနေပြီဖြစ်ကြောင်း** နှင့် အစုပေါ်အမြတ်ငွေများကိုလည်း သတ်မှတ်ရက်အတိုင်းလာရောက် ထုတ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

မှတ်ချက် ။ ရှယ်ယာဝယ်ယူလိုသူများနိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အတူမိတ္တူတစ်စောင် ၊ ဓာတ်ပုံ၂ပုံယူဆောင်လာပါရန်။

ဆက်သွယ်ရန်လိပ်စာ-အမှတ်(၃/က)သံသုမာလမ်းနှင့် သုဝဏ္ဏလမ်းဆုံ

သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -၅၆၀၄၅၀ ၅၆၀၄၈၆

ဒါရိုက်တာများအဖွဲ့

National Development Co., Group Ltd.

OK
ဆန် + ဆီ ဝယ်မယ်ဆိုရင် OK ဆန်ဆီရောင်းဝယ်ရေးနဲ့ ဆက်သွယ်မှာကြားမှ စိတ်ချရတယ်။
ကျေးဇူးတင်လျှက် ဗိုလ်ကေမိသာစု-ဘုရင့်နောင်

ProNet
Network Engineer Course
Networking Fundamentals, Desktop PC Hardware
Desktop OS, Server Hardware, Network Design
Network Management, Network Security
Microsoft Certified Professional (MCP)
MCSA
ProNet Computer Centre
No.40, Room 201, Aungthapyay St, Backside Yuzana Plaza, Mingalataungnyunt Tsp; Yangon. Ph: 200747 Ext-7316

NPE
စာပေမြတ်နိုးသူများအတွက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
စာအုပ်ဆိုင်

- ဘုရားစကား၊လိုက်နာပွားစို့နှင့် အခြားကဗျာများ
- မှန်နန်းမဟာရာဇဝင်တော်ကြီး (ပ+ဒု+တ)
- သမိုင်းတွင် သမိုင်းတင်မည့် ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ–အင်္ဂလိပ်)
- တပ်မတော်သမိုင်း (အတွဲ ၁မှ ၈အထိ)
- ဇာတ်တော်ကြီးဆယ်ဘွဲ့ (မြန်မာ–အင်္ဂလိပ်)
- ပုဂံ–ညောင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ(မြန်မာ–အင်္ဂလိပ်)
- ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု (အကျဉ်း) (ပ+ဒု) (မြန်မာ–အင်္ဂလိပ်)
- ရခိုင်ပြည် ဝတီလေးရပ်ရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ–အင်္ဂလိပ်)
- ဂျူနီယာလီဒါပေါင်းချုပ် (၁၊၂၊၃၊၄၊၅)
- သိထားရမည့် အင်္ဂလိပ်စကားလုံးတွဲများ
- အင်္ဂလိပ်ဝါကျတည်ဆောက်ပုံများ
- အီရတ်စစ်မြေပြင်နှင့် စာပေကောင်းမျိုးစုံကို တစုတစည်းတည်း ဝယ်ယူရရှိနိုင်ပါပြီ။

(အမြန်ဝယ်ထားမှ စိတ်ချရမည်ဖြစ်ကြောင်း သတင်းကောင်းပေးပို့လိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
စာအုပ်ဆိုင် (ဝန်ကြီးများရုံးရှေ့)
ဖုန်း–၂၉၄၃၀၆

CAR RENTAL
Ph: 728686, 710606, 240786

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	အကြောင်းအရာ
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့်
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	အကြောင်းအရာ
၁။	ဒေါ်အေးအေးလှိုင် + ၁	၁၂/ကမတ (နိုင်) ၀၂၀၁၁၁	(၅၇)၊ ကွမ်းခြံတန်းလမ်း	ကြည့်မြင်တိုင်	၂၆ စီ၂	၃၀	ဦးဘရွှေ	အမည်ပြောင်း
၂။	ဦးတင်စိုး	၁၂/ဥကတ (နိုင်) ၁၁၆၈၉၉	(၄၀၉)၊ မိသီလမ်း၊ (၁၂) ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၂	၁/A	ဒေါ်အေးအေး	အမည်ပြောင်း
၃။	ဗိုလ်မှူးသန့်ဇင်	၇/ပမန (နိုင်) ၀၉၀၇၈၇	(၅၁၁)၊ မြသီတာလမ်း၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၁၆/၁	၅၁၂/က၊ ၅၁၁	ဦးခင်ယုတ် + ၁	အမည်ပြောင်း
၄။	ဒေါ်နုနုရီ	၆/မအရ (နိုင်) ၀၀၅၇၈၂	(၁၀၀၅)၊ အင်းဝလမ်း၊ (၆) ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၉	၁၀၂၀/ခ	ဒေါ်ခင်သန်းနွယ်	အမည်ပြောင်း
၅။	ဦးခင်ဝင်း + ၁	၁၂/တမတ (နိုင်) ၀၄၁၅၇၇	(၂၈၀)၊ ကမ်းနားလမ်း	ကြည့်မြင်တိုင်	၂၆ BB၁	၂၅	မောင်မြရွှေ + ၁	မြေပုံကူး
၆။	ဒေါ်စန္ဒာဝင်း	၁၂/ဥကတ (နိုင်) ၀၈၈၆၉၉	(၆၂၄/ခ)၊ (၂၁)လမ်း၊ (၁၀) ရပ်ကွက်၊ တ/ဥက္ကလာပ	တ/ဥက္ကလာပ	၁၀	၆၂၄/ခ	ဦးအောင်မြင့်	မြေပုံကူး
၇။	ဒေါ်ခင်သင်းနွဲ့	၁၂/ဗတန (နိုင်) ၀၁၂၃၂၈	(၇၃–က)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၃၆–K	၁၁၁-A/၁၁–၂	ဦးမျိုးမင်း၊ ဒေါ်ခင်သင်းနွဲ့	မြေပုံကူး
၈။	ဒေါ်ကြင်သန်း	၁၂/ကမတ (နိုင်) ၀၄၅၂၉၁	(၅၅)၊ ဌာနာလမ်း	ကြည့်မြင်တိုင်	၂၆A၁	V-၃၉	ဦးသိန်းမြင့်	မြေပုံကူး
၉။	ဦးသိန်းဝင်း	၁၃/မခန (နိုင်) ၀၀၀၇၁၀	(၉)၊ ဦးအေးလမ်းသွယ်(၁)လမ်း၊ (၁၆)ရပ်ကွက်၊လှိုင်	တ/ဥက္ကလာပ	၁၄/၃	၄၆/၂	ဒေါ်စန္ဒာမိုး	အမည်ပြောင်း
၁၀။	ဒေါ်အင်စိန်	၁၂/လမတ (နိုင်) ၀၁၈၈၆၀	(၅၇)၊ ၁၃–လမ်း	လမ်းမတော်	၂၂ဇက်၂	V-၄၁	ဦးမြင့်ဝေ+၁	အမည်ပြောင်း
၁၁။	ဒေါ်နီတာ + ၃	၇/ပမန (နိုင်) ၀၆၅၃၆၇	(၄၁)၊ မြင့်မိုရ်လမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၇င၅	၂၆၁	ဒေါ်နှင်းညွန့်	မြေပုံကူး
၁၂။	ဒေါ်နန်းခင်အုန်းကြည်	၇/သကန (နိုင်) ၀၀၁၅၀၆	(၆)၊ ၁၅၅–လမ်း၊ တာမွေ	သင်္ဃန်းကျွန်း	၃၀	၂၄၉	ဗိုလ်မှူးမျိုးကျော်မြင့်	အမည်ပြောင်း
၁၃။	ဒေါ်အုံးစိန်	၁၂/တမန (နိုင်) ၀၅၄၂၁၃	(၉၀၈)၊ငုံးဝိုင်(၁)လမ်း၊ငုံးဝိုင်ရပ်ကွက်၊သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	ငုံးဝိုင်	၉၀၈	ဒေါ်မြင့်ကြည်၊ ဒေါ်အုံးစိန်	အမည်ပြောင်း
၁၄။	ဒေါ်အေးကြိုင် + ၂	၁၂/စခန (နိုင်) ၀၁၄၈၈၉	(၇)၊ သရက်တောလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၀–ဒီ	၄၃	ဒေါ်မိမိခင်	မြေပုံကူး
၁၅။	ဒေါ်သီတာမြင့်	၁၂/ဗတန (နိုင်) ၀၀၄၂၃၈	(၂၅–ဗီ)၊ ကမ္ဘာ့ဥလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၃၆–ရှေ	၁၁၁/က–၂	ဒေါ်ကြည်မာမြင့်	အမည်ပြောင်း
၁၆။	ဦးဝိုးသိကြား + ၆	၁၂/လမတ (နိုင်) ၀၀၉၂၉၁	(၄၇)၊ ဘုန်းကြီးလမ်း	လမ်းမတော်	၂၂ ဇိုင်၂	V-၃၅၄	မသိန်းနု + ၃	အမည်ပြောင်း
၁၇။	ဦးဝင်းသန့်	၇/ပမန (နိုင်) ၀၀၉၄၇၅	နန်းတော်ကုန်းရပ်၊ မိတ္ထီလာ၊ ဆည်မြောင်းဦးစီးဌာန	တ/ဥက္ကလာပ	၁၄/၁	၄၀/၁	ဦးအုံးကျော်	အမည်ပြောင်း
၁၈။	ဦးဘကျော်ဝင်း	၁၂/ဗတန (နိုင်) ၀၇၀၀၈၃	(၂၉)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်	တ/ဥက္ကလာပ	၁၃/တ	၈၄	ဗိုလ်မှူးသန်းညွန့်	စိမ်ချက်ဂရန်သစ်
၁၉။	ဦးမြင့်ရွှေ	၁၂/ဥကမ(နိုင်)၁၄၄၆၅၆	(၁၄၉)၊ အလုံလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်	အလုံ	၂၃ H	၆၆	ဒေါ်သိမ်း	အမည်ပြောင်း
၂၀။	ဦးရောင်ဝိမင်း(ခ)ရဲနိုင်	၁၂/အဂရ (နိုင်)၀၀၀၀၁၄	(၂၆/ခ)၊ (၁၂) ရပ်ကွက်၊ အုံ့အရှေ့	အုံ့အရှေ့	၁၂	၂၆/ခ	ဒေါ်မြ	ဂရန်သစ်
၂၁။	ဦးအောင်ကြိုင်	၁၂/ပဘတ(နိုင်)၀၁၅၁၈၄	(၅၅၉)၊ မေခါင်လမ်း၊ ဆ ရပ်ကွက်၊ မ/ဥက္ကလာပ	မ/ဥက္ကလာပ	ည	၁၀/က	ဦးကျော်သန်း	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖြည့်စွက်ဖတ်ရှုပါရန်

၂၈–၇–၂၀၀၃ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ MCC (ICT Foundation Course) ကြော်ငြာတွင် (၄)ရက်တည်းသာ ကျန်တော့သည်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

အိမ်ရောင်းမည်

လှိုင်မြို့နယ်၊ ဗဟိုလမ်းမကြီးပေါ် ပေ၄၀ x ပေ၆၀ လုံးချင်းတိုက် ရေမီးစုံ၊ ဖုန်းပါ (ပွဲစားမလို) ပိုင်ရှင်ကိုယ်တိုင် – ၅၂၆၇၆၇။

အိမ်ကိုလာခဲ့မယ်
T.V. Video
723745

ရောင်းမည်

စမ်းချောင်း၊ ညောင်တုန်းလမ်း၊ 5F 12½'x50' ဘေးပြတင်းပါ၊ ဝရန်တာ နောက်ဖေးကြွေပြားကပ်၊ ညှိနှိုင်းဈေး။ **ဖုန်း–၂၂၇၅၂၅ (ပွဲစားမလို)။**

ဗဟန်း၊ ရန်ကင်း၊ တာမွေ မြေ ငါးကော၊ ရန်ကုန်၊ ပဲခူးအတွင်း စိုက်မြေဧက ၁၀၀မှ ၁၅၀ခန့်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း လုံးချင်း၊ အမြန်ဝယ်လိုသည်။

၀၉–၅၀–၁၈၇၉၃။

ဖခင်အမည်မှန်

အထက(၂)ပဲခူး၊ ဒုသမတန်း(F)မှ မမေခိုင်လွင်၊အလက(၂)ပဲခူး ဆဋ္ဌမတန်း(A)မှ မောင်ညီညီလွင်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဦးဖြစ်ပါသည်။ **ဦးသန်းဦး။**

အမည်ပြောင်းလဲခြင်း

အဘဦးမောင်ကြီး၏သမီး [၁၂/သဃက(နိုင်)၀၈၅၀၈၁]ကိုင်ဆောင်သူ မခင်မိုးဆွေအား ယနေ့မှစ၍ မခင်ခင်ထိုက်ဟု ပြောင်းလဲခေါ်ပါရန်။

မခင်ခင်ထိုက်။

(၂၅)နှစ်မြောက် ငွေရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဗိုလ်မှူးကြီးဇော်မင်း** (ဥက္ကဋ္ဌ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)နှင့် ချစ်မေမေ **ဒေါ်ခင်မိမိ**(အထက–၁၊ မကွေး) တို့၏ ၁–၈–၂၀၀၃ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ဘဝခရီးလမ်းကို သား၊ သမီးများနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ . . .။

သားကြီး – **အာကာဇော်** **Final Part°(II), IM (1)**
သမီး – **ဆုထက်လှိုင် (ခ) ရတနာဇော်မင်း** **B.Sc°(Hons), D.A°(UK)**
သားငယ် – **လင်းထက်အောင်** **2nd M.B.,B.S, IM(1)**

INVITATION TO TENDER

1. Sealed Tenders are invited by the Myanma Petrochemical Enterprise,the Ministry of Energy for the Supply of 44,000± 10% Metric Tens HSD(Gas Oil Regular 0.5%).
2. Tender Closing Date (7-8-2003)at 12;00 noon.
3. Tender Decuments and details information are available at the Department of finance, Myanma Petrochemical Enterprise,No. (23), Min Ye Kyaw Zwa Road, Yangon, during office hour commencing 31-7-2003 on payment of one hundred (100) FEC (or) US$ per set.
4. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃)
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၁၂)ရုံး၌
၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ်–၂၅၁

(ကွယ်လွန်သူ ဒေါက်တာဒေါ်ခင်ဦး၏ ကျန်ရှိရစ်ခဲ့သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လသာလမ်း၊ အမှတ်(၁၄၃)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါက်တာဒေါ်ခင်ဦး ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်း လျှောက်ထားသူ ဒိုရာလော(ခ) ဒေါ်ညွန့်ငွေက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၃ခုနှစ် ဩဂုတ်လ ၂၇ရက်(၁၃၆၅ခုနှစ် တော်သလင်းလဆန်း၁ရက်)နေ့တွင်ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါက်တာဒေါ်ခင်ဦး ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော၂၀၀၃ခုနှစ် ဩဂုတ်လ ၂၇ရက်(၁၃၆၅ခုနှစ် တော်သလင်းလဆန်း ၁ရက်)နေ့၌ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာထုတ်ပေးခြင်း မပြုမီ သက်ဆိုင်ရာအမှုတွဲကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့လာရောက်အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒိုရာလော(ခ) ဒေါ်ညွန့်ငွေ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၃ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်လှမြင့်
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

(၁)နှစ်ပြည့် မွေးနေ့ဆုမွန်

မီးငယ် **ဖုန်းမြတ်စု**၏ ၁–၈–၂၀၀၃ရက်တွင် ကျရောက်သော (၁)နှစ်ပြည့်မွေးနေ့မင်္ဂလာမှသည် ကျန်းမာ၊ ချမ်းသာစွာဖြင့် ပြီးပြည့်စုံသော ဘဝကိုပိုင်ဆိုင်နိုင်ပြီး နှစ် ၁၂၀ တိုင် အသက်ရှည် နေနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက် . . .။

နှစ်ဖက်သောအဘိုး၊ အဘွား
ချစ်ဖေဖေ– ဦးအေးနိုင်
ချစ်မေမေ– ဒေါ်ညွန့်သီတာ
(ပင်ပျိုရွက်နုလက်ဖက်နှင့်အကြော်စုံ၊ ဘားအံ)
ချစ်မမ – အေးမြတ်မွန်သန့်
ဦးဦး၊ ဒေါ်ဒေါ်။

မန္တလေးတက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်မှကျင်းပခဲ့သည့် အောက်ဖော်ပြပါပညာသင်နှစ်များ၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးတက္ကသိုလ်၏ အကြိမ်(၄၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် **၂၀၀၃ခုနှစ်၊ ဩဂုတ်လ(၄)ရက်မှ စက်တင်ဘာလ(၃)ရက်နေ့ထိ** လျှောက်ထားနိုင်ကြပါသည်။

(က) (၂၀၀၂–၂၀၀၃)ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (Ph.D)ပါရဂူဘွဲ့ စာမေးပွဲကို အောင်မြင်ပြီးသူများ၊
(ခ) (၂၀၀၁–၂၀၀၂)ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (M.Res) မဟာသုတေသနဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ၊
(ဂ) (၂၀၀၁–၂၀၀၂) ပညာသင်နှစ်အတွက် ၂၀၀၂ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်၏ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) စာမေးပွဲနှင့် ပဥ္စမနှစ်ဥပဒေ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ပြီးသူများ၊ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်)
(ဃ) (၂၀၀၂–၂၀၀၃)ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်၏ (စနစ်သစ်) မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ(ဒုတိယနှစ်)(ဘွဲ့)စာမေးပွဲနှင့် (Dip;E.L.T) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာ(ဘွဲ့)စာမေးပွဲများကို အောင်မြင်ပြီးသူများ၊ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်)
(င) (၂၀၀၂–၂၀၀၃)ပညာသင်နှစ်အတွက် ၂၀၀၃ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ် (ညနေသင်တန်း)၏ ပဉ္စမနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲကို အောင်မြင်ပြီးသူများ၊ (နောက်ဆက်တွဲစာမေးပွဲအောင်မြင်ပြီးသူများအပါအဝင်)

၂။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၂'X၁ ½') အရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရပါမည်။
၃။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ကျပ်(၁၅၀၀/–) (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ကျပ်(၁၀၀၀/–) (ကျပ်တစ်ထောင်တိတိ)ပေးသွင်းရပါမည်။
၄။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။
၅။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်လိပ်မှု၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်ဒီကရီကောလိပ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ**ကို တိကျစွာဖော်ပြရပါမည်။ **(ပြည့်စုံစွာဖော်ပြခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)**
၆။ (၂၀၀၁–၂၀၀၂)ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် **အဝေးရောက်ဘွဲ့**အတွက်သာ လျှောက်ထားနိုင်ပါသည်။
၇။ အဝေးသင်တက္ကသိုလ် (ယခင်မန္တလေးတက္ကသိုလ် စာပေးစာယူသင်တန်းဌာန)၏ (၁၉၈၁–၈၂)ပညာသင်နှစ်မှ (၁၉၈၇–၈၈)ပညာသင်နှစ်ထိ၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)စာမေးပွဲ အောင်မြင်ပြီးသူများသည် **အဝေးရောက်ဘွဲ့** အတွက် မန္တလေးအဝေးသင်တက္ကသိုလ်တွင် လျှောက်ထားနိုင်ပါသည်။
၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

ကျော်ငြိမ်း
မော်ကွန်းထိန်းအဆင့်(၁)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေးတက္ကသိုလ်။

ကြော်ငြာစာ

(အုပ်ထိန်းသူလူကြီးတို့နှင့်အုပ်ထိန်းခံရသူ လူငယ်တို့အက်ဥပဒေပုဒ်မ–၂၉)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၂ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၁၆၅

(အရွယ်မရောက်သေးသူ မင်္ဂလာအောင်၏ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းယားမြိုင်လမ်း၊ အမှတ်–၁၆(က)တွင် နေထိုင်လျက်ရှိသော အရွယ်မရောက်သေးသူ မင်္ဂလာအောင်၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ်–၁၆၅/၂၀၀၂တွင် အုပ်ထိန်းသူလူကြီးအဖြစ် သက်သေခံလက်မှတ်စာ ရရှိထားသူ ဒေါ်ကြည်မြင့်သွင်က အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ–၂၉အရ အုပ်ထိန်းခံရသူ၏ ပစ္စည်းဖြစ်သော ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၇(ဒီ)၊ မြေကွက်အမှတ်– ၇–ဒီ/၂–ခ ၊ ဧရိယာ(၀.၁၁၃၀၇၆)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်–၅၉(ဒီ)ဟုခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး စီမံခန့်ခွဲခွင့်၊ ထုခွဲရောင်းချခွင့်ပြုရန် လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၀၃ခုနှစ်၊ ဩဂုတ်လ(၂၂)ရက် (၁၃၆၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ရက်)နေ့တွင် ကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုအရွယ်မရောက်သေးသူ မင်္ဂလာအောင်၏ပစ္စည်းများတွင် အကျိုးသက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို အဆိုပါအမှုတွင် လာရောက်အမှုဆိုင်လိုပါက ချိန်းဆိုထားသော ၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၂၂ရက်နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် ယင်းကဲ့သို့အမှုဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးက လျှောက်ထားသူ ဒေါ်ကြည်မြင့်သွင်၏လျှောက်လွှာအပေါ်၌ စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၃ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အောင်ငွေ
တိုင်းတရားသူကြီး
ရန်ကုန်တိုင်းတရားရုံး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျွန်တော် **မောင်အောင်မျိုးဦး** [၁၂/ဗဟန(နိုင်)၀၃၃၀၉၉]နှင့် ကျွန်မ **မခင်ချိုသွယ်** [၉/မနမ(နိုင်)၀၆၇၂၉၂]တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂၇–၇–၂၀၀၃နေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုးဦး (ခ) ဗန်ဒို – မခင်ချိုသွယ် (ခ) ပူစူး။

တကယ်ဈေးလျှော့ပေးမယ့်
SPEED FASHION HOUSE
မိုးရာသီ ဈေးရောင်းပွဲတော်

ကျင်းပမည့်ရက် – ၁–၈–၂၀၀၃ မှ ၃၁–၈–၂၀၀၃ထိ
ကျင်းပမည့်ပစ္စည်း – Export Quality (Ready Made)
ကျင်းပမည့်နေရာ – **SPEED I:**
အမှတ်(၁၅၄)၊ ၄၆လမ်းနှင့်၄၇လမ်းကြား အနော်ရထာလမ်းမ၊ ဗိုလ်တထောင်မြို့နယ်။
City Mart အနီး၊ ဖုန်း–၂၉၄၅၃၀
SPEED II:
တိုက်(၅)၊ အခန်း(၂)၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း–၂၀၁၉၇၈။

*** ကုမ္ပဏီဝန်ထမ်းဝတ်စုံများ ဆောင်ရွက်ပေးမည်။ လက်လီလက်ကားဖြန့်ချီသည်။ ***



အမည်ပြောင်းခြင်း

ဦးကျော်ထွန်း၏ သမီးဖြစ်သူ မြောက်ဥက္ကလာ အလက(၉) တတိယတန်း(B)မှ မမေသက်ထားဦးအား ယနေ့မှစ၍ မသဇင်ဖူးဝေဟု ပြောင်းလဲ ခေါ်ပါရန်။ **မသဇင်ဖူးဝေ။**

အမည်ပြည့်စွက်ခေါ်ပါရန်

ဦးချစ်မောင်၏ သားဖြစ်သူ ဦးအေးမြင့် နိုင်ငံသားအမှတ် [၁၂/တတန(နိုင်)၁၄၃၄၁၀)အား ဦးအေးမြင့်(ခ) ဦးအောင်မိုးဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

ဦးအေးမြင့် (ခ)ဦးအောင်မိုး။

အမည်ပြောင်းခြင်း

ဦးကျော်ကျော်ဦး– ဒေါ်ခင်မာဝင်းတို့၏သား အထက(၁)မြောက်ဥက္ကလာပ ဒသမတန်း(K)မှ မောင်ကျော်ကိုကိုအား မောင်ကျော်ဇေယံလင်းဟုအမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇေယံလင်း။**

အမည်ပြောင်းခြင်း

ဦးခွန်ဝင်းကျင်၏သား ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ဒသမတန်း(က)မှ ခွန်ပြည်သာဝင်းအား ခွန်ပြည့်စုံဝင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။ **ခွန်ပြည့်စုံဝင်း။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ဆ/၆၃၇၅နှင့်၂က/၉၈၁၇ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည်သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(မိတ္ထီလာ)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(မိတ္ထီလာ)။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်ကျော်မင်းဦး [၁၂/မဂတ(နိုင်)၀၀၂၈၁၆]သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင် ဦးလှမင်း[၁၂/ဥကမ(နိုင်) ၁၁၃၀၀၃]
မိခင် ဒေါ်အမာ[၁၂/မဂတ(နိုင်) ၀၇၀၃၇၆]

ပြင်ဆင်ချက်

၁၉–၇–၂၀၀၃ ရက်နေ့ စာမျက်နှာ (၁၅)ပါ ကန့်ကွက်ရန်မရှိကြောင်း အမှတ်စဉ် (၁၉) ဦးမာမွတ်ဆရက်(ခ) ညီညီ+၁ မှတ်ပုံတင်အမှတ် [၁၂/တမန(နိုင်) ၀၇၇၄၈၈]၏ လျှောက်ထားသည့် လိပ်စာအမှန်မှာ အမှတ်(၃၄)၊ပုညဝင္ကလမ်း၊နတ်ချောင်းရပ်ကွက်၊ တာမွေဖြစ်ပါသည်။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီး မယဉ်ယဉ်စိုး [S/OKA–၁၁၂၀၉၅]သည် မိဘ၊အစ်ကို၊ဆွေမျိုးများ၏ စကားကို နားမထောင်ပါဘဲ မိမိသဘောဆန္ဒ အလျောက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးစိုးညွန့်[RGN–၀၁၇၉၆၃]
ဒေါ်မြတင်[PGU–၁၈၁၃၆၅]။

အယ်ဒေးရှင်းရောင်းမည်

Austrilla မျိုး Zinoနှင့် ဆုရ အမ Bearတို့မှပေါက်သော သား ပေါက် (King Size) မျိုးများ ရောင်းရန်ရှိသည်။

သာကေတ၊
မြင်တော်သာလမ်းမကြီး၊
ရပ်ရှင်ရုံနှင့်နယ်မြေရုံးမှတ်တိုင်ကြား၊
ပင်လယ်ပြာအလှမွေးငါးဆိုင်။

တက္ကသိုလ်ဝင်တန်းသချ်ာအကြောင်းသိကောင်းစရာများ
ဒေါက်တာခင်မောင်ဝင်း
[Ph.D. (Caen University, France)]
သချ်ာပါမောက္ခ(ငြိမ်း)ပြုစုသည်။

MCC
ICT ခေတ်မှာ Internet ကို မသုံးတတ်လို့မဖြစ်တော့ဘူးလေ......
Introduction to internet course
6 weeks
2 weeks only

[illegible]

အများသိစေရန်ကြေငြာချက်
[illegible]



V-care
Songwell
တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
542311 09-5002003

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၃၂) (ဒုထပ်/ယာ) နေ မှတ်ပုံတင်အမှတ်(ဘီ/အာရ်ဂျီအင်န်– ၀၀၁၈၄၉) ကိုင်ဆောင်သူ ဒေါ်ခင်မြရီ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

သားဖြစ်သူ ကိုစိန်ထွန်း(ဘီ/အာရ်ဂျီအင်န်– ၀၀၄၂၇၉)ကိုင်ဆောင်သူမှာ ရောဂါဝေဒနာခံစားနေရပြီး အိုမင်းမစွမ်းသော မိခင်ဖြစ်သူ ဒေါ်ခင်မြရီအား ကျန်းမာရေး ထိခိုက်အောင် ပြုမူဆောင်ရွက်ခြင်း၊ ဆိုဆုံးမ၍မရခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်းများကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးတင်အောင်ငြိမ်း
အထက်တန်းရှေ့နေ
အမှတ် ၇၈၊ မြေညီထပ်၊ ၃၂လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အထွေအထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်တင်ကြည် [၁၂/လမန (နိုင်) ၀၁၁၂၄၄] အမှတ်(၇၀)၊ သီရိရတနာလမ်း၊ (၇)ရပ်ကွက်၊ မြောက်/ဒဂုံ၊ ရန်ကုန်မြို့နေသူနှင့် ဦးမြင့်ဆွေ[၁၂/ဒဂတ(နိုင်)၀၂၁၄၅၇]အမှတ်(၇၄)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေသူတို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်တင်ကြည်နှင့် ဦးမြင့်ဆွေတို့မှ ဒေါ်သင်းသင်းမော် [၁၂/မရက(နိုင်)၁၀၉၅၇၉] အခန်း(၇)၊ သမိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေသူသို့ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၇–၁၁–၂၀၀၂နေ့က မှတ်ပုံတင်စာချုပ်အမှတ်–၇၃၇၂ ဖြင့်လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား (၂၃–၇–၂၀၀၃)နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ဒေါ်သင်းသင်းမော်အနေဖြင့် ကိုယ်စားလှယ်လွှဲစာအား အသုံးပြု၍ မည်သည့်ဆောင်ရွက်ချက်တစ်စုံတစ်ရာမျှ မပြုလုပ်ရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ကြည်နှင့်ဦးမြင့်ဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ရီရီအေး (ဘီ–အေ၊ အာရ်–အယ်လ်)၊ တရားရုံးချုပ်ရှေ့နေ
အမှတ် (၅၀)၊ ပ–ထပ်၊ အခန်း (အီး–၂၊ ၃)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Salesman / Salesgirl** ကျား/မ (၁၀) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့) Diploma Degree တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ အသက်(၂၃-၄၅)နှစ်အတွင်းဖြစ်ရမည်။ ယာဉ်မောင်းနိုင်သူ ဖြစ်ရမည်။

၂။ **Accountant** ကျား/မ (၁) ဦး
B.Com / LCCI Level III တစ်ခုခုအောင်မြင်ပြီးသူဖြစ်ရမည်။ အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

၃။ **Driver** ကျား (၃) ဦး
ယာဉ်မောင်းလုပ်သက် အနည်းဆုံး(၃)နှစ်ရှိရမည်။ အသက်(၄၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

၄။ **Receptionist / Cashier** မ (၂) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့) Diploma Degree တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ အသက်(၂၅-၄၅)နှစ်အတွင်း ဖြစ်ရမည်။

အထက်ပါလျှောက်ထားသူများအားလုံးသည် မိမိထမ်းဆောင်ရမည့်တာဝန်ကို နေရာဒေသမရွေးထမ်းဆောင်နိုင်ရမည်။ အမှတ်စဉ်(၁)ထိ လျှောက်ထားသူများသည် ခရီးဝေးသွားနိုင်သူဖြစ်ရမည်။ လျှောက်ထားသူများအားလုံးသည် မိမိကိုယ်ရေးရာဇဝင်၊ သက်ဆိုင်ရာကျွမ်းကျင်မှုလက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံချက်၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်အတူ စာတိုက်သေတ္တာအမှတ်(၃၅၁) (သို့) Multi Aquaculture & Livestock Trading Enterprise Ltd. အမှတ်(၄၀၈၊ ၄၁၀)၊ မဟာဗန္ဓုလလမ်း၊ ဆမ်ဆောင်းပလာဇာ၊ (၈)ထပ်သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

မင်းသိမ်
ဆားပုလင်း နှင့်မောင်
နှင့်
ဘမျိုး ဘိုးတူ ဘယ်သန်ဘမုန်
ဝတ္ထုရှည် ပထမတွဲ၊ ဒုတိယတွဲ
ပထမတွဲ ၂-၈-၂၀၀၃ (စနေနေ့) ထွက်မည်
ဒုတိယတွဲ မကြာမီထွက်မည်။
လာဘ်မိုးရွာ စာပေ - ဖုန်း - ၀၁-၂၅၃၅၁၉၊

ဝမ်းနည်းကြေကွဲခြင်း
စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေးတို့၏မိခင် ဒေါ်သက်ပု အသက်(၉၀)သည် ၂၄-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
စက်ရုံမှူးနှင့်ဝန်ထမ်းမိသားစုများ
ကျွန်းချောင်းဓာတ်မြေဩဇာစက်ရုံ။

အများသိစေရန်ကြေညာချက်
မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ၅-၇-၂၀၀၃နေ့တွင် ညှိနှိုင်းပေးသည့် သဘောတူညီချက်အရ ထုတ်လုပ်သူ အဂ္ဂ(ခ)ဦးအောင်မိုးကျော်နှင့် တေးသံရှင် ထူးအယ်လင်း(ခ)ဦးစိုးလှိုင်ရှိန်တို့သည် ၂-၈-၂၀၀၃နေ့တွင် ချုပ်ဆိုထားသည့် သဘောတူညီချက်အတိုင်း (ဒုတိယ)မြောက် တေးသီချင်း စီးရီး Tape, CD, VCD နှင့် (တတိယ)မြောက် တေးသီချင်း စီးရီး၊ Tape, CD, VCD, MTVတို့ကို ထူးအယ်လင်းမှသီဆို၍ မူပိုင် အဂ္ဂကပင် ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ပါကြောင်းနှင့် အဂ္ဂ(ခ)ဦးအောင်မိုးကျော်၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်တေးသီချင်း စီးရီး၊ Tape, CD, VCD, MTVတို့တွင်မှ ပါဝင်သီဆိုခြင်း မပြုလုပ်ပါကြောင်းကို မူပိုင် အဂ္ဂ(ခ)ဦးအောင်မိုးကျော်နှင့် တေးသံရှင် ထူးအယ်လင်း(ခ)ဦးစိုးလှိုင်ရှိန်တို့မှ အများသိစေရန် ကြေညာအပ်ပါသည်။
အဂ္ဂ(ခ)ဦးအောင်မိုးကျော် **ထူးအယ်လင်း(ခ)ဦးစိုးလှိုင်ရှိန်**
(MME-၆၁၅၈၂၉) **[၁၂/မရက(နိုင်)၁၂၁၂၇၀]။**

အသိပေးကြေညာစာများအား ပြန်လည်ရုပ်သိမ်းခြင်း
၁-၅-၂၀၀၃နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ ၂-၅-၂၀၀၃နေ့ထုတ် ကြေးမုံသတင်းစာ၊ ၄-၇-၂၀၀၃နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ ၅-၇-၂၀၀၃နေ့ထုတ် ကြေးမုံသတင်းစာပါ အဂ္ဂ(ခ) ဦးအောင်မိုးကျော်အား အသိပေးကြေညာခြင်းများ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် မူပိုင် အဂ္ဂအား ပြောဆိုတင်ပြချက်များအားလုံးသည် ကျွန်တော်၏နားလည်မှုလွဲမှားပြီး ဆောင်ရွက်ထားခြင်းများဖြစ်ပါ၍ မြန်မာနိုင်ငံဂီတအစည်းအရုံးက ၅-၇-၂၀၀၃နေ့တွင် ညှိနှိုင်းပေးချက်များအရ ကျွန်တော်၏ ကြေညာချက်များအားလုံးကို လုံးဝပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ထူးအယ်လင်း (ခ) ဦးစိုးလှိုင်ရှိန် (တေးသံရှင်)
[၁၂/မရက(နိုင်)၁၂၁၂၇၀]
အမက(၂၅)ကျောင်းဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

TOP
အချိုးသစ်၊ အပ်ချုပ်သင်တန်း

YEAR 2003 နှင့်အတူ
ကမ္ဘာသစ်လေးတစ်ခု ရောက်လာပါပြီ
မိသားစုအားလုံးအတွက် 'အလှတိုးစေဖို့' ကမ္ဘာသစ်လေးမှ ဖြည့်ဆည်းပေးပါရစေ ...
NEW WORLD FITNESS CLUB
အဝလွန်သူများ၊ ခန္ဓာကိုယ်အချိုးကျစွာ လှလိုသူများ၊ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်ရန် လိုအပ်နေသူများ၊ စံပြမောင်မယ်ဖြစ်လိုသူများ၊ ပိန်လိုသူများအတွက် အာမခံတာဝန်ယူပါသည်။ (*Air Con*) ခန်းမအတွင်း၌ ခေတ်မီအားကစားပစ္စည်းအစုံနှင့် ဝါရင့်နည်းပြများက စနစ်တကျ သင်ကြားပေးပါသည်။ **အီတလီမှ ခေတ်မီအဆီချစက်ဖြင့်** တစ်ကိုယ်လုံး အဆီချပေးမည်ဖြစ်ပြီး တစ်ကိုယ်လုံး ကိုယ်ရေစစ်သွားရန် တာဝန်ယူပါသည်။
အမှတ်(၂၀၆)၊ တာဝါ(အေ)၊ (**Junction 8**) မရမ်းကုန်းမြို့နယ်၊
ဖုန်း-၆၆၆၂၁၅၊ ၀၉-၈၀-၂၂၉၃၃။ **မှတ်ချက်။ ဆိုင်ခွဲလုံးဝမရှိပါ။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သိန်းလှ(၇၂)နှစ်
(ပျဉ်းမနား)
ဗိုလ်ချုပ်ရဲမြင့်-ဒေါ်မြတ်ငွေတို့၏ ချစ်လှစွာသောမိခင် ဒေါ်သိန်းလှသည် ၂၆-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ဦးမြင့်စိုး၊ သီဟသုမေ္ဘသီ'ဂီဒေါ်သန်းသန်း
(သား) ကိုမောင်မောင်
စိုးသန်းဂေဟာ၊ ပျဉ်းမနားမြို့။

(၂)နှစ်ပြည့် ဖွေမ်ဖွေတ်သတိရခြင်း
(1.8.2001 - 1.8.2003)

ဒေါ်ခင်ဝန်းရီ

MPEC
Queen Star Computer Center နှင့် MIT
တို့ပူးပေါင်းဖွင့်လှစ်သည်။
Visual Basic Programming ကိုကျွမ်းကျင်စွာတတ်မြောက်လိုသူများအတွက်
Client Sever Application Development Level-1
- Visual Basic 6.0
- Access 2000
- Crystal Report

15% OFF

"Date : 12/8/03(Tues & Thurs) Time : 5 to 7:30 p.m"
MIT ၏ experience ရှိသော project manager များ ... project ရေးသားနိုင်မည်။
(... ကျောင်းသူ/သားများအတွက် 25% Discount ပေးမည်)
**ဆက်သွယ်ရန် - အခန်း-၁၊ ... စမ်းချောင်း။
Ph: 502801, 505278, 539151, 668779, 668259**

ဆွေးတိုးလဲမျှော် - အကြောလဲလေလျှော်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ဒိုက်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကျောင်းကြီးလမ်းနေ ကျွန်တော်-ကျွန်မတို့၏သား မောင်ဝင်းနိုင်ဦး[၇/ဒဥန(နိုင်) ၀၂၁၉၂၈]သည် မိဘ၏ဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်းပြုမူ၍ နေအိမ်မှ ထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးချစ်လှိုင် [၇/ဒဥန(နိုင်)၀၂၁၉၂၄]
ဒေါ်သိန်းမြင့် [၇/ဒဥန(နိုင်)၀၂၁၉၂၅]

လုံးဝမသက်ဆိုင်တော့ပါကြောင်း
ကွယ်လွန်သူ ဦးရွှေကျေး-ဒေါ်စမ်းကြည်တို့၏သား မောင်လင်းကြည်(ခ) မောင်လိုင်အေး(ဇလွန်) ZLN-၁၂၂၁၉၅ ကိုင်ဆောင်သူသည် မောင်နှမများ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူခြင်း၊ စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှမောင်နှမများနှင့်မသက်ဆိုင်တော့ပါကြောင်းနှင့် လုံးဝတာဝန်မယူပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **မသိန်းသိန်းငွေ(ခ)သီတာရွှေ**
[၁၄/ဇလန(နိုင်)၀၁၀၃၁၀]
ကိုနေလင်း
[၁၄/ဇလန(နိုင်)၀၈၄၀၃၈]။

ပြင်ဆင်ဖတ်ရှုပါရန်
၂၆-၇-၂၀၀၃ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၁၆)၊ ကော်လံ (၅)ပါ အမည်ပြောင်းခြင်း (မအိခိုင်ခိုင်မိုး) ကြော်ငြာတွင် အဘအမည် ဦးအုန်းလွင်အစား ဦးအုန်းသွင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ခရစ်တော်၌အိပ်ပျော်ခြင်း
U VUNG CIN THANG
ညွန်ကြားရေးမှူး(ငြိမ်း)
အခြေခံပညာဦးစီးဌာန
အသက်(၆၈)နှစ်
(Pu Pau Cin Lian-Pi Hau Za Man) တို့၏သား၊ Nu Luai Khaw Vung ၏ ချစ်လှစွာသော ခင်ပွန်း၊ Ko Lian KhanThawng၊ Man Zam Cing(အလက-၁၊ ဒဂုံ)၊ Niang Lam Mang (ထွေအုပ်၊ ဒဂုံ)၊ (Cin Suan Mung)၊ Lian Do Khup၊ Niang Ngaih Vung (အလက-၁၊ဒဂုံ)၊ Mang Svan Miang(အလက-၂၊ဒဂုံ)၊ Pau Sian Cingတို့၏ ချစ်လှစွာသော ဖခင်သည် ၂၈-၇-၂၀၀၃(တနင်္လာနေ့)တွင် တီးတိန်မြို့တွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း။ သင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးညွန့်(ခ)ဦးပါလေး
အသက်(၇၁)နှစ်
စက်မှုဆေးဝါး(ငြိမ်း)
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁၈)လမ်း၊ အမှတ်(၁၅၇)၊ မြေညီထပ်နေ (ဦးဘလှ- ဒေါ်အေး)တို့၏သား၊ (ဦးဘရွှေ-ဒေါ်မကြီး)တို့၏ သားသမက်၊ ဒေါ်စုစုရွှေ (ဗဟိုဘဏ်၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးစိန်လင်း-ဒေါ်တင်ရွှေ၊ ဦးခင်မောင်-ဒေါ်ထားကြည်၊ ဦးထွန်းကြွယ်-ဒေါ်သန်းရင်၊ ဦးဖေသော်-ဒေါ်ကျင်စိန်၊ ဗိုလ်မှူးတင်ကြည်-ဒေါ်သန်းတင်တို့၏ ညီ/မောင်၊ (ဦးငွေးလွင်)၊ ဦးဇော်ညွန့်-ဒေါ်သက်သက်ခင် (အမက-၉၊ ဒဂုံတောင်)၊ ဦးငွေးနိုင် (3/E Ocean Tanker Co.,Ltd.)-ဒေါ်မဥ္ဇူရွှေတို့၏ ဖခင်၊ ကိုအောင်ဇော်မိုး-မတင်ဇာဦး၊ ကိုအောင်ဇော်သိန်း (Sky-Line)-မရွှေစင်အိ၊ မောင်အောင်ပြည့်ဖြိုး (III-A၊ အထက-၃၊ဒဂုံ)၊မောင်ဟန်သုစံ၊ မပြည့်စုံသင်းတို့၏အဘိုး၊ မောင်ကောင်းစံသူ (IVB၊ အမက-၁၆)၊ မောင်လွင်ထူးခန့်တို့၏ ဘိုးဘိုးကြီးသည် ၂၈-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၀၃ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးညီ(ခ)ဦးအညီး (၉၆)နှစ်
မြောင်းမြမြို့နယ်အသင်း
(ရန်ကုန်)နာယက
မြောင်းမြမြို့နေ (ဦးစစ်ကြိုင်-ဒေါ်ယဉ်)တို့၏ ဒုတိယသား၊ ရန်ကုန်မြို့၊ ရေကျော်(၉)ရပ်ကွက်၊ အမှတ် ၁၀၊ နှင်းပန်းလမ်းနေ(ဒေါ်ချူးယဉ်)၏ခင်ပွန်း၊ (ဒေါ်ညွန့်ကြည်)-ဒေါက်တာ ဦးတင်ဖေ၊ ဒေါ်မာမာဇင်(ခေတ္တ U.S.A)၊ ဒေါ်ညွန့်မေ(ကျောင်းအုပ်ဆရာမကြီး၊အထက-၁၊ ခရမ်း၊ ငြိမ်း)- ဒေါက်တာဦးဝင်းထင်၊ ဒေါ်ညွန့်ယုံ - ဒေါက်တာဦးခင်မောင် (ခေတ္တ-Hongkong)၊ ဦးလှဖေ (အတွင်းရေးမှူး၊မြောင်းမြမြို့နယ်အသင်း)-ဒေါ်နုနုစိန် (ရဲလင်းအောင်ဆေးခန်း)၊ ဒေါက်တာဒေါ်ညွန့်တင်(အောင်ဖေအထူးကုဆေးခန်း)-(ဦးမြင့်ဆွေ)၊ ဒေါက်တာဦးအေးဖေ-ဒေါ် သန်းသန်းမြင့်(ခေတ္တ-Jamaica)၊ ဒေါက်တာဒေါ်တင်တင်ညီ (Consultant O.G ရမည်းသင်း၊ ပြည်သူ့ဆေးရုံ) - ဒေါက်တာဦးဖြိုးဝေအောင် (သာယာဝတီ)- ဒေါ်ခင်ခင်ညီ (အထပြ၊အထက-၁၊ပန်းဘဲတန်း၊ ငြိမ်း)၊ ဦးဝေတ(Golden Express Tours Co.,Ltd.)တို့၏ဖခင်၊ မြေး၂၇ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂၃-၇-၂၀၀၃ရက် ည ၁၁:၀၅ နာရီတွင် အောင်ဖေ အထူးကုဆေးခန်းတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ တက္ကသိုလ်ဝင်းအတွင်းရှိ ယုဒသန် ဓမ္မဗိမာန်တော်ကြီးအတွင်း ၂၉-၇-၂၀၀၃ (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် အောက်မေ့ဖွယ် ဆုတောင်းဝတ်ပြုစည်းဝေးပွဲပြုလုပ်ပြီး ရေဝေးရှိဂိုဏ်းပေါင်းစုံခရစ်ယာန်များ သင်္ချိုင်း၌ ဆုတောင်းပွဲပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

ဦးစောဖေတင်(ခ)ပုတင်
အသက်(၄၉)နှစ်
(မာန်အောင်)
မာန်အောင်မြို့နယ်၊ ဆင်နားချောင်းရွာနေ (ကျောင်းဆရာကြီး ဦးချိုးလှအောင်-ဆရာမ ဒေါ်ရွှေပု)တို့၏ သားငယ်၊ ကျောင်းဆရာကြီး ဦးရွှေသာထွန်း(ငြိမ်း)-ဒေါ်မမဖြူ၊ ဦးလှရွှေ (ဆ-မ၊ ငြိမ်း)-ဒေါ်လှကြည်၊ ဒေါ်လှလှကြည် (ထွေအုပ်-မာန်အောင်)၊ ဦးလှမြင့် (ထွေအုပ်-မာန်အောင်)-ဒေါ်ခင်ကြည်တို့၏ညီမောင်ဖြစ်သူသည် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ တိုက်(၂၁၅)၊ အခန်း(၈) (၁၂လုံးတန်း)နေအိမ်၌ ၂၉-၇-၂၀၀၃ရက် မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်၍ ယင်းနေ့ညနေ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။
ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

မြန်အောင်မြို့နယ်အသင်း
ဒေါ်ကြွေ(မြန်အောင်)
ကန်တော့ခံ
အသက်(၇၉)နှစ်
ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ စစ်ကိုင်းလမ်းသွယ်(၃၁)လမ်း၊ အမှတ်(၅/၅၄၄/ခ)နေ ရာသက်ပန် အသင်းဝင်ဒေါ်ကြွေသည် ၂၆-၇-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားများအား အကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့။

မြိတ်အသင်း
ဦးကြည်တိတ် (၇၈)နှစ်
အသင်းဝင်အမှတ်(၁၃၃၃)
မြိတ်မြို့၊ထားဝယ်စုရပ်နေ (ဦးဟန်နာ-ဒေါ်ခင်မေ)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ်(၄၇)နေ (ဒေါ်ရူဝါ)၏ခင်ပွန်းသည် ၂၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၃၀-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။
(အသင်းမှကားများ နံနက် ၁၁:၃၀ နာရီ ထွက်မည်။) အမှုဆောင်အဖွဲ့။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးကြွယ် (၆၅)နှစ်
ပန်းရန်(ငြိမ်း)ဆည်မြောင်း
(ထောက်ကြန့်)
ရန်ကုန်တိုင်း၊မင်္ဂလာဒုံမြို့နယ်၊အမှတ်(၃၁)၊ အဝေရာလမ်း၊ ထောက်ကြန့်မြို့နေ ဒေါ်စိန်မြ၏ခင်ပွန်း၊ ဦးကြွယ် ရာသက်ပန် အသင်းဝင်အမှတ်(၂၁၅)သည် ၂၈-၇-၂၀၀၃ရက်၌ ကွယ်လွန်ပါ၍ ၃၀-၇-၂၀၀၃ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ထားဝယ်အသင်း
ဒေါ်ပို(ခ)ဒေါ်စန်းပို
(၅၂)နှစ်
(ထားဝယ်)
ရန်ကုန်တိုင်း၊ အမှတ်(၂၅)၊ မေယုလမ်း၊ ဆရာစံတောင်မြို့နယ်၊ ဇဟာန်းနေ ဦးကြီးမြင့်၏ ချစ်လှစွာသောဇနီး ဒေါ်ပို အသင်းဝင်အမှတ်(၁၂၉၂)သည် ၂၇-၇-၂၀၀၃နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၀၃နေ့တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ထားဝယ်အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဒေါ်ချယ်ရီ(ခ)
ဒေါ်သန်းသန်းအေး
အသက်(၄၅)နှစ်
ဦးကောက်-ဒေါ်သိန်းသိန်းတို့၏ တတိယမြောက်သမီး၊ ဦးလှဝင်း-ဒေါ်ခင်စန်းရီ၊ ဦးလှမြင့်-ဒေါက်တာနုနုတို့၏ ညီမ၊ (ဒေါ်ဖြိုးဖြိုး)၊ ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးစိန်ဝင်း-ဒေါ်ညွန့်ညွန့်ရီ၊ ဦးဇော်ဇော်ဝင်း၊ ဦးအောင်အောင်ဝင်း-ဒေါ်ခင်နှင်းအေး၊ ဦးသိန်းစိုး-ဒေါ်သန်းသန်းထွေး၊ ဒေါ်ချောစုလှိုင်တို့၏ အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ် အမှတ်(၁၀၅-A)၊ နတ်လမ်း၊ အနောက်ရွှေဂုံတိုင်နေ ဒေါ်ချယ်ရီ(ခ)ဒေါ်သန်းသန်းအေးသည် ၂၆-၇-၂၀၀၃ရက်တွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်၍ ၃၀-၇-၂၀၀၃ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးပါကြောင်း။
ကျန်ရစ်သူမိသားစု။

မောင်အောင်ကိုကို (ခ)
အောင်လေး
အသက်(၃၀)
ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၅)ရပ်ကွက်၊ အိမ်အမှတ်(၃၁)၊ မင်းရဲကျော်စွာ(၁၈)လမ်းထိပ်နေ ဦးလှဦး-ဒေါ်ကြင်သိန်းတို့၏သား၊ (ဦးစံသိန်း)-ဒေါ်လှသန်းတို့၏ သားသမက်၊ ဝင်းကိုကို-မြမြဝင်း၊အေးကိုကို-တင်ဆန်းမြ၊ ဝင်းမောင်မောင် - မငွေးကြည်၊ (ကျော်စိုးမိုး - ဆွေဆွေဦး)တို့၏ ညီ/မောင်၊ မအေးအေးသိန်း၏ခင်ပွန်း၊ မစန္ဒာလင်း၏ မွေးသဖခင်သည် ၂၇-၇-၂၀၀၃ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၁၅:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီ ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

မောင်အောင်ညွန့်နိုင်
အသက်(၃၉)နှစ်
အရန်အမှုဆောင်
ပန်းဘဲတန်းမြို့နယ်
မလွန်ဆန်လှူအသင်း
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၂၇)နေ သီတာအောင်ကလေး အာဟာရလုပ်ငန်းရှင် ဦးတင်အောင် - ဒေါ်သန်းယဉ်(မြို့နယ်အမှုဆောင်၊ ပန်းဘဲတန်းမြို့နယ်၊ မလွန်ဆန်လှူအသင်း)၏သားကြီးသည် ၂၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၃၀-၇-၂၀၀၃ရက် ညနေ ၄:၃၀နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။
အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း
ဦးလှခင် (၇၂)နှစ်
ဦးလှခင် စက်မှုလုပ်ငန်း

ဦးထွန်းနိုင်–ဒေါ်ခင်သန္တာတို့၏ ဖခင် ဦးလှခင် (ဦးလှခင်စက်မှုလုပ်ငန်း) သည် ၃၀–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

J & J Co., Ltd(J'Donut)
Food House Product Co., Ltd.,မှ
မိသားစုများ။

ဦးကံညွန့် (၅၈)နှစ်
မီးရထားလက်မှတ်စစ်
(တောင်ငူ)

တောင်ငူမြို့၊ ဇေယျာသုခလမ်းနေ (ဦးအေးမောင်–ဒေါ်စိန်ကြည်)တို့၏ သားကြီး၊ တောင်ငူမြို့ ဦးပန်းဖြူလမ်းနေ (ဦးမောင်ကလေး–ဒေါ်မြရင်)တို့၏ သားသမက်၊ မီးရထားဝင်းနေ ဒေါ်နွဲ့နွဲ့ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်ဇေယျ (Diethelm & Co., Ltd.)–မမိုးမိုးအိ၊ ကိုကျော်ဇေယျ–မမိုးစန္ဒာကျော်၊ မဖြိုးဖြိုးအိ၊ ကိုစိုင်းဝင်းနောင်–မလင်းလင်းအိ၊ မဝင်းဝင်းအိ၊ မောင်ထက်အောင်ခိုင်စိုးတို့၏ ဖခင်၊ မြေး၄ယောက်တို့၏ အဘိုးသည် ၃၁–၇–၂၀၀၃ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂–၈–၂၀၀၃ရက် နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(အမှတ်၄၃၊၄၅ဝေဠုဝန်လမ်းကျယ် စမ်းချောင်းနေအိမ်မှ ကားများ နံနက်၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်း၊သိမ်ဒါယိကာမကြီး
ဒေါ်ဝင်းကြည် (၆၈)နှစ်
(မြိတ်)

မြိတ်မြို့၊ နောက်လယ်ရပ်နေ (ဦးစိုးဝါ–ဒေါ်စကြည်)တို့၏ သမီး၊ (ဦးမောင်ယုံ)၏ဇနီး၊ဦးခင်မောင်စိုး (ဗန်ကောက်)–Mrs. Songporn Sriwan၊ ဦးအေးစိုး–ဒေါ်ခင်ချိုချို၊ ဒေါ်စန်းစန်းသီ၊ ဒေါ်စန်းစန်းရီ၊ ဦးကြည်ထွန်း–ဒေါ်လွင်လွင်ပြုံး (ရွှေမြန်မာစက်ဆီချောဆီ အရောင်းဆိုင်)၊ ဦးချန်ထွန်း – (ဒေါ်စန်းစန်းကြူ)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၁၁ ယောက်တို့၏အဘွားသည် ၃၁–၇–၂၀၀၃ ရက်တွင် မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်း နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂–၈–၂၀၀၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ တပ်ပြင်ရပ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမ ဟဝါဘီဘီ(ခ)
ဒေါ်ခင်မမ (၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၂၃)၊ (၁၁၈)လမ်းနေ ဟာဂျီ ဦးလှမောင်ယူစွပ်တဗ်ဘာနီ၏ ချစ်လှစွာသော ဇနီး၊ ဦးလှမြင့်၊ မခင်မြင့်မြင့်၊ ကိုလှရွှေ၊ ကိုအေးမောင်၊ ဟာဂျီ B.Lလှညွှန့်၊ ကိုစိုးသိန်း၊ မစန်းစန်းမြင့်၊ မောင်ဇော်မင်းလေးတို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၅ယောက်တို့၏ အဘွားသည် ၂၇–၇–၂၀၀၃ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ အစ္စရ်နမာဇ်အပြီးတွင် စွတီဗလီမှ ရေဝေးကဘာဘစတန်သို့ ပို့ဆောင်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဆိုဖယာအဲဘရာဟင်ဒူး(ခ)
ဒေါ်ခင်မာလာတင်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၄၃)နေ (ဦးအီဘရာဟင် G-H.Doo) – ဟာဂျီမ ဒေါ်ဂိုရီအာဇမ်အာလ်လူးတို့၏ သမီး၊ (ဟာဂျီဦးမောင်တင် – ဟာဂျီမဒေါ်နုနု၊ ဟိုတယ်ဒီစီတီ)တို့၏ သမီးချွေးမ၊ [မိုဟာမက်ယူစွတ်(ခ)ဦးနန်းညွှန့်]တို့၏ ဇနီး၊ ရာဇီယာဒူး၊ (အနွယ်ဝဲလ်ဒူး)၊ အရှာဘီဒူး၊ ဘေဘီဒူး၊ (ဖွာရ်ဇာနာဒူး)၊ မိုဟာမက်ဒူးတို့၏ ညီမ၊ ဂိုလမ်ဒူး၊ ဘီကစ်ဒူး၊ (ဟာဂျီဟာရှင်ဒူး)၊ (အာဇမ်ဒူး)တို့၏ အစ်မ၊ ဦးခင်မောင်ညွန့်–ဒေါ်ခင်မာအောင်၊ မောင်တော်မိညွှန့်တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၂၈–၇–၂၀၀၃ရက်တွင် အထက်ပါ နေအိမ်၌ အလ္လာသျှင်မြတ် အမိန့်တော် ခံယူသွားပါ၍ ယင်းနေ့တွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးလှမင်း(ခ)အိုက်နောင်
အသက်(၄၂)နှစ်

ကျောက်မဲမြို့နေ (ဦးသိန်းမောင်)–ဒေါ်ရွှေယုတို့၏ တူ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၇၈)၊ စက်ရုံလမ်း၊ သာယာကုန်း ရပ်ကွက်နေ ဦးလှဘော်–ဒေါ်ငွေသော့တို့၏ သားထွေး၊ ဦးတင်အောင်–ဒေါ်လင်းလင်း၊ ဦးလှမြင့်၊ ဒေါ်ခင်အေး–ဦးခင်မောင်လေး၊ ဦးစိုင်းသာငွေး–ဒေါ်တင့်မြတ်စိုးတို့၏ ညီ/မောင်၊ မောင်ရဲအောင်မြတ်၊ နန်းရွှေရည်ဖြိုး၊ မဆုမြတ်မွန်၊ စိုင်းမြတ်ထန်၊ ထူးမြတ်အေးတို့၏ ဦးလေးသည် ၃၀–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သိမ်၊ကျောင်း၊ရဟန်းအမကြီး
ဒေါ်သန်းရင် (၇၉)နှစ်

မန္တလေးမြို့၊ အမှတ်(၁၅၁)၊ (၈၄)လမ်း၊ (၃၀/၃၁)လမ်းကြားနေ ဦးဝင်းမောင်၏ ဇနီး၊ ထီးစက်ရုံဝင်းနေ ဦးသံချောင်း၏ အစ်မ၊ ဦးကျော်ဇော–ဒေါ်ကြူကြူ၊ ဦးခင်မောင်ဝင်း(ခ)ဦးနီ–ဒေါ်စိန်စိန်ဝင်း၊ ဦးညွန့်ဆွေ–ဒေါ်စိုးစိုး(စိုးစိုးမုန့်တီ)၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးခင်မောင်သန်း–ဒေါ်ယဉ်ယဉ်၊ ဦးအောင်မြင့်သိန်း–ဒေါ်ချိုချိုမြင့်(ချိုချို မွေ့ရာ)၊ ဒေါ်စန်းစန်းမြင့်၊ (ဦးဗိုလ်ဗလ)၊ ဦးစိုးပိုင်–ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိုးနိုင်၊ ဦးကျော်အောင်–ဒေါ်ထွေးဝိုင်းဖြူတို့၏ မွေးသမိခင်၊ မြေး ခြောက်ယောက်၊ မြစ် လေးယောက်တို့၏အဘွားသည် ၂၉–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၃ရက်တွင် တောင်မြင့်သုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ဘေဘီ (၇၆)နှစ်
(ကျိုက်ပိ)

(ဦးကျင်စိန်–ဒေါ်သိန်းရင်)တို့၏ သမီးကြီး၊ အမှတ်(၁၄)၊ (၁၅)လမ်းနေ ဦးဆာမီ၏ ဇနီး၊ (ဦးမောင်မောင်ယဉ်)–ဒေါ်ခင်အုံးမြင့်၊ ဦးထွန်းဝင်း–ဒေါ်သန်းသန်း၊ ဦးသန်းထွန်း–ဒေါ်ရီရီမြင့်၊ ဦးစန်းဟန်–ဒေါ်မြင့်မြင့်ခိုင်၊ ဦးမောင်မောင်–ဒေါ်ခင်စိုးသိန်း၊ (ဦးမောင်မောင်ညွှန့်)–ဒေါ်မြင့်မြင့်ဝေ၊ (မောင်ကြည်ထွေး)တို့၏ အစ်မကြီးသည် ၂၈–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃ (သောကြာနေ့) နံနက် ၁၁း၃၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမတစ်စု။

ဦးလှမင်း (၇၃)နှစ်
(ဥက္ကံ)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၂၉)၊ ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက်နေ (ဦးမောင်ထွန်း–ဒေါ်မြတင်)တို့၏သား၊ ဒေါ်ကြည်ခင်၏ ခင်ပွန်း၊ (ဦးသောင်းစိန်)–ဒေါ်ညွှန့်ရီ၏ မောင်၊ ဦးခင်မောင်သိန်း(M.T.M Shipping Co.)–ဒေါ်အောင်မကြည်၊ ကိုရဲလင်းနိုင်–မအေးအေးမြတို့၏ မွေးသဖခင်၊ မောင်မင်းဇော်၊ မောင်သူရဇော်တို့၏ အဘိုးသည် ၃၁–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂–၈–၂၀၀၃ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဖေ (၆၈)နှစ်
ပခုက္ကူရာသက်ပန်အသင်းဝင်
ရတနာတင်မိသားစုကဖီး
(တောင်သာ)

မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ချောင်းပေါက်ရွာနေ (ဦးဖိုးထွန်း–ဒေါ်ဖွားညွှန့်)တို့၏ သားလတ်၊ ပခုက္ကူမြို့၊ ဆင်လမ်းရပ်နေ (ဦးလူပျို)–ဒေါ်မယ်ကူတို့၏သားသမက်၊ရန်ကုန်မြို့၊ဗိုလ်အောင်ကျော်လမ်းနေ ဦးတင်လှိုင်၊ ဦးမှတ်ကြီး–ဒေါ်တင်ထွေးတို့၏ ညီ၊ ဒေါ်သိန်းရင်၊ ဒေါ်သိန်းရှင်၊ ဦးတင်အေး၊ (ဦးကျင်ရွှေ)–ဒေါ်သိန်းညွှန့်၊ ဦးညွှန့်မောင်ကျော်–ဒေါ်သိန်းတင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၂/၃၆)၊ ဗိုလ်အောင်ကျော်လမ်းနေ ဒေါ်ခင်သိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုစိုးညွှန့်(တပ်မတော်ရေ၊ ငြိမ်း၊ ပဲခူးအသင်း)–မတင်နုရီ(B.A, Myanmar)၊ မဆွေဇင်ဝင်း [A.G.T.I (E.P) (B.Sc Physics)]စက်ဘီးစက်ရုံ၊ ရန်ကုန်ထွေ/ထိန်း စက်မှု–၁]၊ ကိုတင်ဇော်အောင်(ထ–၂၊ ဒဂုံကျောင်းသားဟောင်း)–မတင်တင်ဦး[B.A Myanmar(Hons), Q] တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မဖြိုးပြေခိုင်၏ အဘိုးသည် ၃၀–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၈–၂၀၀၃ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောကျော်တင်(၅၇)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၂၅)၊ တရုတ်ကုန်းလမ်းနေ နော်သိန်းညွှန့်၏ ခင်ပွန်း၊ဦးခေါ်ဝိလျံ(AEE-MEPEငြိမ်း)၊ ဦးစောသန်းရွှေ၊ ဦးစောတခွန်တင်(မြန်မာ့လေကြောင်း)၏ အစ်ကို/ညီ၊ နော်ခူမူး လ/ထမန်နေဂျာ ဒေဗူးနော်လားဆေးဝါး၊ စောဘဲစေးကျော်၊ စောရီးရှိကျော်(မြန်မာ့လေကြောင်း)တို့၏ ဖခင်သည် ၃၁–၇–၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂–၈–၂၀၀၃ ရက် နံနက် ၉ နာရီတွင် အင်းစိန်ကေ–ဘီ–စီ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးနှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း၊ သိမ်၊ ဇရပ်
မုန်ပြတောင်(ဂျိုးဖြူ)ဘုရားဒါယကာ
ဦးလှခင်
အသက်(၇၂)နှစ်
ဦးလှခင်စက်မှုလုပ်ငန်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ရတနာလမ်း၊ အမှတ်(၂၂)နေ ဒေါ်ရီရီတင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလူလူမောင်–ဒေါ်ခင်ဌေးဝင်း၊ ဒေါက်တာဦးလှိုင်မြင့်–ဒေါ်စုစုမြင့်၊ ဦးညီညီခင်–ဒေါ်သုသုလတ်၊ ဦးထွန်းနိုင်–ဒေါ်ခင်သန္တာတို့၏ ချစ်လှစွာ သောဖခင်၊ မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏ အဘိုး ဦးလှခင်သည် ၃၀–၇–၂၀၀၃ရက် နံနက် ၇း၁၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃–၈–၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြင့်(ခ)တန်ကြူပွါး
အသက်(၇၀)
(ဆွာ)

ဆွာမြို့နေ(ဦးစန်ငါး)–ဒေါ်ဆ၏ သမီး၊ တောင်ငူမြို့နေ ဦးဟန်ထွန်း–ဒေါ်ညွှန့်ညွှန့်တို့၏ ညီမ၊ လယ်ဝေးမြို့နေ ဦးခင်ဝိုး–ဒေါ်မြင့်အေးတို့၏ညီမ၊ ဆွာမြို့နေ(ဦးသက်ဝင်း)–ဒေါ်သိန်းသန်းမြင့်နှင့် ဦးလွင်ဦးတို့၏အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ခတ္တာလမ်း၊ အမှတ်(၂၃/၂၅)နေ ဦးမြဟန်(ခ)ဦးဟန်ကြူး၏ဇနီး၊ ကိုကြည်ဝင်း–မအေးအေးမြင့်၊ ကိုတိုးဝင်း–မမြတ်မြတ်မိုး၊ ကိုစိုးလွင်–မသန္တာ၊ မမေနန်းဟန်–ကိုမောင်မောင်လေး(ခေတ္တ–USA)၊ Dr.မေသူဟန်–Dr.ကျော်ဇင်၊ ကိုလေးလွင်၊ ကိုဇော်ဝင်းဟန်–မလတ်လတ်ထွင့်တို့၏ မိခင်၊ မြေး ငါးယောက်တို့၏ အဘွားဒေါ်ခင်မြင့်(ခ)ဒေါ်တန်ကြူပွါးသည်၃၁–၇–၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၅နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂–၈–၂၀၀၃(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်တီ (၈၄)နှစ်
(မုဒုံ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရ အိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၀)နေ (ဦးဟုတ်စွမ်–ဒေါ်ကျင်ဖွန်)တို့၏ သမီးကြီး၊ (ဦးကင်ရီ–ဒေါ်သိန်းမေ)တို့၏ သမီးချွေးမ၊ (ဦးပါ)၏ ဇနီး၊ (ဦးငွေထွန်း)–ဒေါ်မြင့်မြင့်ဟန်၊ ဦးချစ်အောင်–ဒေါ်ကြည်ကြည်မြင့်၊ (ဗိုလ်မှူးသန်းရွှေ)–ဒေါ်လွင်လွင်ရီ၊ ဦးယုချိန်း–ဒေါ်လုလု၊ ဦးယုဟိန်း–ဒေါ်မြမြဝင်းတို့၏ အစ်မကြီး၊ (ဦးလောင်ချိုင်)၊ ဦးလောင်ဆိုင်–ဒေါ်မြမြဝင်း၊ (ဦးမင်းစိုးမြင့်)–ဒေါ်ကြင်စိန်၊ ဦးတင်အောင်ကြည်–ဒေါ်သန်းသန်းဌေး၊ ဦးအောင်ကိုး–ဒေါ်ဘေဘီ၊ ဦးယုမြင့်–ဒေါ်သန်းသန်းမြင့်၊ (မပြုံးသီသီ)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၃၀–၇–၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျော်ကျော်(စစ်တွေ)
အသက်(၆၇)နှစ်
B.chE(New York)
အငြိမ်းစား လ/ထ ညွှန်မှူး
ရေနံဓာတုဗေဒနှင့်
သဘာဝဓာတ်ငွေ့လုပ်ငန်း
အငြိမ်းစားမန်နေဂျင်းဒါရိုက်တာ
MGS Food Co., Ltd.

စစ်တွေမြို့၊ ကျောင်းတက်လမ်းနေ (အရေးပိုင်ဦးအောင်ကြီး–ဒေါ်စိန်သာ) တို့၏သား၊ စစ်တွေမြို့၊ ပန်လင်တောရပ်နေ (ဦးသာအောင်ဖြူ)–ဒေါ်နှင်းဇီဖြူတို့၏သားသမက်၊ (ဒေါ်အေးခင်–ဦးသာနို့ အောင်)၊ (ဒေါ်အေးစိန်–ဦးစံထွန်းခိုင်)၊ ဦးအောင်ကျော်ဇော–ဒေါ်ကြည်ကြည်၊ ဦးလှယဉ်–(ဦးရွှေသာ)၊ (ဦးထွန်းအောင်ကျော်)–ဒေါ်ခင်လှ၊ဦးသာထွန်း–(ဒေါ်တင်ညွှန့်)၊ ဒေါက်တာကျော်ဇလှ–ဒေါ်လှကျော့ခင်တို့၏ ညီ/မောင်၊ ဦးတင်အောင်–ဒေါ်မေစောရွှေတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မြစပါယ်လမ်း၊ အမှတ်–၅(က) နေဒေါ်စိန်စစ်ဖြူ၏ ခင်ပွန်း၊ တူ၊ တူမ ၁၄ယောက်တို့၏ ဦးလေးသည် အထက်ပါနေအိမ်၌ ၃၁–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂–၈–၂၀၀၃ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ကိုကျော်စိုးလွင်(ခ)သားကြီး
အသက်(၃၄)နှစ်

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်နေ (ကျောင်းအုပ်ကြီး၊ ငြိမ်း) ဦးသန်းလွင်–ဒေါ်သန်းသန်းစု(အထပြ၊ လယ်ဝေး) တို့၏ သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျရိပ်သာ၊ တိုက်(၂၉)၊ အခန်း(၃)နေ ဦးမျိုးတင့်–ဒေါ်ခင်သန်းဝေတို့၏ သားသမက်၊ ဦးခင်မောင်ရင်–ဒေါက်တာသိန်းသိန်းနု (တိုင်းအထူးကုဆရာဝန်ကြီး၊ ပဲခူးဆေးရုံကြီး)၊ ဦးမျိုးချစ်–ဒေါ်စိန်စိန်ဆေတို့၏တူ/သား၊ မဥမ္မာ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အေးခိုင်လွင်၏ အစ်ကို၊ မြသန္တာလွင်၊ သီဟလွင်တို့၏ မွေးသဖခင် ကိုကျော်စိုးလွင်(ခ)သားကြီးသည် ၃၀–၇–၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၃–၈–၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အလုံနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်စိုး(၄၈)နှစ်
(ထားဝယ်)

ထားဝယ်မြို့၊ (၅၁၆)၊ သီတာလမ်း၊ ပုံကျွန်းရပ်ကွက်နေ [ဦးမြင့်ဆွေ(ခ) ဦးဘကြီးစိန်]–ဒေါ်တင်မြတ်၏သား၊ (ဦးအောင်သင်း – ဒေါ်ခင်ကြွေ)တို့၏ သားသမက်၊ ဦးထွန်းလှ၊ ဦးမျိုးဆွေ(ခ) ဦးဟန်အေး၊ ဦးမျိုးလွင်တို့၏ ညီ၊ ဦးထင်လင်း(မြန်မာ့ရုပ်/သံ)၏ အစ်ကို၊ ဒေါ်တင်ရွှေ၏ခင်ပွန်း၊ မယဉ်ချမ်းမြေ့နိုင်၊ မောင်ထွန်းလင်းစိုးတို့၏ ဖခင်သည် ၂၉–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ထားဝယ်မြို့ ဝဲကျွန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုနေမျိုးအောင်အသက်(၄၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆၃)၊ မြေညီထပ်၊ (၃၁)လမ်းနေ ဦးတင်ရွှေ[မုဒုံအသင်း၊ (ရန်ကုန်)အတွင်းရေးမှူး]–ဒေါ်ခင်ခင်တို့၏ သားငယ်၊ ဦးခင်မောင်တင် – ဒေါ်ဝေဝေမာ၊ ဒေါက်တာမင်းလွင်ဦး–ဒေါ်မာလာတင် (Soccerဂျာနယ်)၊ ဦးခင်မောင်ရွှေ (Fashion)–ဒေါ်သီတာတို့၏ညီ/မောင်၊ ဦးဝင်းမောင်–ဒေါ်သီတာဝင်း(အရှဏ်သစ်စာပေ)၊ ဒေါ်နွယ်နီတင်(နည်းပြ၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်)၊ ဦးဟန်ဝင်းထွန်း(အကောက်ခွန်)–ဒေါ်စပယ်တင်(TMW Enterprise Ltd.)တို့၏အစ်ကိုသည် ၃၀–၇–၂၀၀၃ ရက်တွင် ရန်ကုန်မြို့၊ ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃ (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၅၇) (ပထပ်) နေအိမ်နှင့် ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆၃/၃၁)လမ်း နေအိမ်တို့မှ ကားများထွက်ရန် စီစဉ်ထားပါသည်။) ကျန်ရစ်သူမိသားစု။

မအိအိမိုး
အသက်(၂)နှစ်၊ (၈)လ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ်(၄/၁–က)နေ (ဦးကျင်ဝမ်)–ဒေါ်စိန်ကြည်တို့၏ မြစ်၊ ဦးခင်မောင်လင်း–ဒေါ်သီသီလင်း၊ ဦးဝင့်ကျော်–ဒေါ်ခင်မာလွင်တို့၏ ချစ်လှစွာသောမြေး၊ ဦးစိုးမိုးကျော်ဝင်း – ဒေါ်ခင်သီတာလင်း၊ ဦးဇော်မိုး–မနှင်းနွယ်ဖြူလင်း၊ ဦးအောင်ဇော်နိုင်လင်း၊ ဦးဖြိုးရန်နိုင်လင်း၊ ဦးသန့်ဇော်ဦး–ဒေါ်ဥမ္မာ၊ ဒေါ်သက်စုအေးတို့၏ ချစ်လှစွာသောတူမ၊ ဦးသော်ဇန်လင်း (Bagan Cybertech)–ဒေါ်ဝင့်စန္ဒာ တို့၏ချစ်လှစွာသောသမီးကြီး မအိအိမိုးသည် ၃၁–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂–၈–၂၀၀၃ (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများနံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မအိအိမိုး
အသက်(၂)နှစ်၊ (၈)လ

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊အောင်ဓမ္မရိပ်သာလမ်း၊သဘာဝရိပ်ငြိမ် အမှတ်(၄/၁–က)နေ ဦးသော်ဇန်လင်း–ဒေါ်ဝင့်စန္ဒာတို့၏ ချစ်လှစွာသောသမီးကြီး၊ မောင်ကောင်းစံကျော်တို့၏ အစ်မကြီး မအိအိမိုးသည် ၃၁–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၈–၂၀၀၃ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများနံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရေကန်၊
ရဟန်းဒါယကာကြီး
ဦးမောင်သာထွန်း(၉၅)နှစ်
စစ်တွေမြို့နယ်တရားရုံး(ငြိမ်း)
အိုင်တင်ရွာ၊ပုဏ္ဏားကျွန်းမြို့နယ်

ရခိုင်ပြည်နယ်၊စစ်တွေမြို့နေ(ဒေါ်မစိန်နု)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်သာပွင့်၊ ဦးဦးကျော်သာ၊ ဦးမောင်ကျော်ခိုင်၊ ဒေါ်ဦးမြစိန်၊ ဒေါ်မြနု ၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ်(၅၉)နေ (ဦးလှရွှေ)–ဒေါ်စိုးစိုးနွယ်၊ ဦးလှသိန်း–ဒေါ်ရီရီဝေ၊ဦးလှဝင်း–ဒေါ်သောင်းဖြူတို့၏ ဖခင်ကြီးသည် ၃၀–၇–၂၀၀၃ရက်တွင်ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃(သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြင့်စိုး(ခ)ချိုကြီး
အသက်(၈၄)နှစ်
ဘိုကလေးမြို့နယ်အသင်းနာယက
ကြေးမုံပုံနှိပ်တိုက်နှင့် မြင့်စိုးစာပေ

ဗိုလ်ကလေးမြို့နေ (ဦးဆေးလုံး–ဒေါ်သီမ)တို့၏သား၊(ဦးဖူးညို–ဒေါ်စော)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၃၅)၊ အခန်း(၇)နေ ဒေါ်ခင်နု၏ ခင်ပွန်း၊ (ဦးအောင်ရှိန်)၊ (ဦးဘဇံ)၊ ဒေါ်အေးကြည်တို့၏ ညီ၊ ဦးစိန်မြင့်–ဒေါ်ဘေဘီ၊ (ဦးအောင်စိုး)၊ ဒေါ်ညွှန့်ယဉ်၊ (ဦးမြင့်ဝေ)–ဒေါ်ကြည်လှိုင်၊ ဒေါ်ခင်ခင်၊ ဒေါ်သိန်းသိန်းမြင့်တို့၏ အစ်ကို၊ ဦးခင်စိုး–ဒေါ်ဥမ္မာခင်၊ ဒေါက်တာဖြူဖြူစိုး(ကျောင်းကျန်းမာရေး၊ တာမွေ)၊ ဒေါ်နီနီစိုး၊ ဦးခင်မောင်မြင့်–ဒေါ်ဝါဝါစိုး၊ ဦးမောင်မောင်စိုး–ဒေါ်ကြူကြူရွှေ၊ ဒေါ်မိမိစိုး၊ ဦးအောင်စိုး–ဒေါ်ခင်စီထွန်း၊ ဦးအောင်မိုး၊ ဒေါ်မာလာစိုး(သီးနှံကာကွယ်ရေး)၊ ဦးမြတ်စိုးတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ရန်ကင်းမြို့နယ် အထက်ပါနေအိမ်၌ ၃၀–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃(သောကြာနေ့) ညနေ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းရဟန်းဒါယကာကြီး
ဦးရှုခိလန်(ခ)ဦးအစံ
အသက်(၈၄)နှစ်

မအူပင်မြို့၊ အမှတ်(၄)၊ (၈)လမ်းထိပ်၊ ကမ်းနားလမ်းနေ ဒေါ်သိန်းကြည်၏ ခင်ပွန်း၊ ဦးညွှန့်သိန်း–ဒေါ်ခင်ထားမေ(မြန်မာ့မဏ္ဍိုင် ပလတ်စတစ်လောင်းလုပ်ငန်း)၊ ဦးတင်ရွှေ–ဒေါ်တင်တင်မာ၊ ဒေါ်လှကျင်၊ ဦးသောင်းဟန်–ဒေါ်နီ၊ ဦးသိန်းထွန်း–ဒေါ်စန်းအေး (Unicolor ဗလာစာအုပ်လုပ်ငန်း)၊ ဦးဝင်းညွှန့်–ဒေါ်မေဦးလှိုင်၊ ဦးညွှန့်အောင်၊ ဦးအောင်ကြည်သိန်း၊ ဒေါ်အေးအေးတို့၏ ဖခင်၊ မြေး၁၂ယောက်တို့၏အဘိုးသည် ၃၁–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂–၈–၂၀၀၃(စနေနေ့)မွန်းလွဲ၂နာရီတွင် နေအိမ်မှ မအူပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြင့်ခင် အသက်(၈၀)
အုပ်ချုပ်ရေးမှူး(ငြိမ်း)
အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်

ရန်ကုန်မြို့နေ (ဦးကိုကိုကြီး)၏ဇနီး၊ စမ်းချောင်းမြို့နယ်၊ အမှတ်–၁၅(ဘီ)၊ ၄–လွှာ၊ ဓမ္မစေတီလမ်းနေ ဦးအောင်ကိုဦး(ခေတ္တ–ဂျပန်)–ဒေါ်သန်းသန်းနုအောင်တို့၏ မိခင်ကြီးသည် ၃၀–၇–၂၀၀၃ရက်တွင်ကွယ်လွန်သွားပါ၍ ၁–၈–၂၀၀၃ ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးကျော်ကျော်(စစ်တွေ)
အသက်(၆၇)နှစ်
B.chE (New York)
အငြိမ်းစားမန်နေဂျင်းဒါရိုက်တာ
M.G.S Food Co. Ltd
အငြိမ်းစား
လက်ထောက်ညွှန်ကြားရေးမှူး
ရေနံဓာတုဗေဒနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

စစ်တွေမြို့၊ ကျောင်းတက်လမ်းနေ (အရေးပိုင်ဦးအောင်ကြီး–ဒေါ်စိန်သာ) တို့၏သား၊ စစ်တွေမြို့၊ ပန်လင်တော ရပ်နေ (ဦးသာအောင်ဖြူ)–ဒေါ်နှင်းဇီဖြူ တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မြစပါယ်လမ်း၊ အမှတ်(၅)ကနေ ဒေါ်စိန်စစ်ဖြူ၏ချစ်လှစွာသောခင်ပွန်း၊ဒေါ်စာရဒသီနီ (ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာ)၏ ဖခမည်းတော်၊ ဒေါ်မြသီင်္ဂီကျော် (ခ) Gi Gi (Road To Mandalay)၊ ဒေါ်မြမဒီကျော် – ဦးကောင်းမြတ် (Electrical Engineer MAERSIC LINE)တို့၏ မွေးသဖခင်၊ မမြဥက္ကာကျော်၊ မောင်မြတ်သာရတို့၏ အဘိုးရှင်သည် အထက်ပါနေအိမ်၌ ၃၁–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂–၈–၂၀၀၃(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ချင်းပြည်နယ်၊ပလက်ဝမြို့၊ဝိသုဒ္ဓါရုံရွှေကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက
မြို့သစ်ပဝါရဏာ(သုဓမ္မာ)ဂိုဏ်းချုပ်ဆရာတော်
ပရိယတ္တိသာသနဟိတဓရေ ဂုဏဝိသိဋ္ဌ
ဘဒ္ဒန္တ ဝရသာမိ မဟာထေရ်
သိက္ခာတော်(၆၆)ဝါ၊ သက်တော်(၈၆)နှစ်

ချင်းပြည်နယ်၊ ပလက်ဝမြို့၊ဝိသုဒ္ဓါရုံရွှေကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မြို့သစ်ပဝါရဏာ(သုဓမ္မာ)ဂိုဏ်းချုပ်ဆရာတော် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ ပရိယတ္တိသာသနဟိတဓရေဂုဏဝိသိဋ္ဌ ဘဒ္ဒန္တဝရသာမိ မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော်၈ရက်၊ ၂၁–၇–၂၀၀၃(တနင်္လာနေ့)မွန်းလွဲ ၂း၀၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ်၊ဝါခေါင်လဆန်း၄ရက်၊ ၁–၈–၂၀၀၃(သောကြာနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဒါယကာ၊ ဒါယိကာမများ၊ ပလက်ဝမြို့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ရေကန်ဒါယကာကြီး
ဓာလီစန်းဦးဘသန်း
အသက်(၈၀)
ကိုရာအလှကုန်နှင့် ပန်းမြတ်ချယ်ရီအလှကုန်လုပ်ငန်း

ဒဂုံတောင်စက်မှုဇုန်စီမံခန့်ခွဲရေးဥက္ကဋ္ဌဟောင်း ဦးဘသန်းသည် ၂၅–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၃(တနင်္ဂနွေနေ့)တွင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများအားသိစေအပ်ပါသည်။

ကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင်ဖခင်ကြီး၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ လွမ်းသူ့ပန်းခြင်းနှင့် ပန်းခွေများ၊ လှူဖွယ်ပစ္စည်းများပေးပို့ခဲ့ကြသော တရုတ်ဘာသာရေးအသင်းများ၊ မြို့မိမြို့ဖ၊ ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများ၊ အနယ်နယ်အရပ်ရပ်မှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော် လည်းကောင်း၊ ဖက်(စ်)ဖြင့်သော် လည်းကောင်း၊ ဝမ်းနည်းစကားသတင်းမေးမြန်းအားပေးစကားပြောကြားသော ဓမ္မမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူသားသမီး၊ မြေးများ။

ရဟန်းအမကြီး
ဒေါ်တင်လှိုင် (၆၅)နှစ်
(ဒလ)

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊ အမှတ်(၉) ဝတ်ကျောင်းလမ်းနေ (ဦးသိန်းမောင်)၏ဇနီး၊ ကိုကျော်ဇော(PIL)–မလှလှမော်၊ ကိုမျိုးညွှန့် (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်)–မခင်လှလှ၊ မစိုးစိုးမြင့်(မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်)၊ ကိုဉာဏ်ဝင်းဖေ–မလှစန္ဒာ၊ ကိုထွန်းထွန်းသိန်း(ခေတ္တ–ကိုရီးယား)–မချောကလျာမိမိကျော်တို့၏ မိခင်၊ မောင်ထွန်းအောင်နိုင်(V-B၊ ထ–၅၊ ဗိုလ်တထောင်)၊ မအိမ်ချမ်းမြေ့ (II-A၊အမက–၇၊တာမွေ)၊ မယဉ်မင်းသွယ် (I-B၊ထ–၂၊လသာ)၊ မခြူးဆည်းလည်း၊ မချစ်ချစ်ကျော်ဇော၊ မခင်ယွန်းသစ္စာတို့၏ ချစ်လှစွာသောဘွားဘွား ဒေါ်တင်လှိုင်သည် ၃၁–၇–၂၀၀၃ရက်နံနက်၁၀း၂၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂–၈–၂၀၀၃ရက် ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ၃နာရီထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆–၈–၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက်၇နာရီ မှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ အမှတ်(၉) ဝတ်ကျောင်းလမ်း ရေကျော်ရပ် ပုဇွန်တောင်မြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်သိန်းချစ် အသက်(၉၀)

ပန်းတနော်မြို့၊ဦးအောင်ဇေယျလမ်း၊ အမှတ်(၂၅)နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး (၈၇) လမ်း၊အမှတ်(၂၅)နေ (ဦးအေးမောင်)၏ဇနီး၊ဒေါ်နက်၏ အစ်မ၊ဒေါ်မြသန်း (ဒေါ်မြသန်းနှင့်ညီမများ၊မြတ်မဥ္ဇူ ပါတိတ်ဆိုင်၊မင်္ဂလာဈေး)၊ဦးချစ်ဆွေ–ဒေါ်လှမြိုင်၊ ဦးသန်းအေး–ဒေါ်စန်းရီ၊ ဦးသန်းလွင်–ဒေါ်အေးသိန်း၊ ဒေါ်မြမြဝင်း၊ (ဦးသန်းလွင်)၊ ဒေါ်ခင်စန်းဝင်းတို့၏ မွေးသမိခင်၊ မြေး၁၂ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၃၁–၇–၂၀၀၃ရက်တွင် ပန်းတနော်မြို့ နေအိမ်၌ ကွယ်လွန်ပါ၍ ၂–၈–၂၀၀၃ရက်နံနက် ၁၁း၃၀နာရီတွင် နေအိမ်မှ ပန်းတနော်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်ခင်စိန်(၆၄)နှစ်
(ဝါးခယ်မ)

ဝါးခယ်မမြို့၊ ပတ္တမြားရပ်ကွက်၊ ဘုရားကြီးလမ်း၊ အမှတ်(၁၂၄)နေ ဦးကြင်လှ၏ဇနီး၊ ကိုနိုင်ဦး–မမြတ်မြတ်အေး၊ ဗိုလ်မှူးလှမျိုး–ဒေါက်တာမေခိုင်ရဲနောင်၊ ဗိုလ်မှူးမျိုးခိုင်–မစန်းစန်း၊ ကိုအောင်မျိုးဇော်–မခိုင်ခိုင်စိုး တို့၏မိခင် ရဟန်းအမဒေါ်ခင်စိန်သည် ၃–၇–၂၀၀၃ ရက်ည၉နာရီတွင် ကွယ်လွန်ပါ၍ ဝါးခယ်မမြို့ သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမျိုးကျော်စွာအောင်
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သန်လျက်စွန်းလမ်း၊ အမှတ်(၃၀၈)နေ ဦးတင်အောင်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)–နော်ရီစီတို့၏ သားကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးသိန်း)–ဒေါ်စိုးမြင့်တို့၏ သားသမက်၊ ဒေါ်မိုးစပယ်အောင်၏ မောင်၊ ဦးမိုးတေဇာအောင်၊ ဦးမိုးဇေယျာအောင်တို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်စန်း(အောင်ဘာလေသိန်းဆုဌာနခွဲ)၏ခင်ပွန်း၊ မအေးချမ်းမိုး၏ ဖခင်သည် ၃၀–၇–၂၀၀၃ရက်တွင် ဗဟိုစည်ဆေးခန်း၌ အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့တွင် ရေဝေးမွတ်စလင် ကဘာစတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစိုးမောင်(ခ)ဦးသီဟနောင်
အသက်(၇၆)နှစ်
(တောင်ကြီး)

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နေ (ဦးထွန်းမြ–ဒေါ်အုန်းညွှန့်)တို့၏ သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ စိန်ပန်းမြိုင်(၁)လမ်း၊ အမှတ်(၁၃၇–၁၈/အေ)နေ ဒေါ်ခင်သန်းနု၏ ခင်ပွန်း၊ ဒေါ်မိုးမိုးစိုး၊ ဦးသီဟန်စိုးတို့၏ ကျေးဇူးရှင် မွေးသဖခင်သည် ၃၀–၇–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁–၈–၂၀၀၃ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်၊ရဟန်း
ဒါယကာကြီး
ဦးသောင်းတင် (၆၉)နှစ်
(စိန်ဆီ/ဗိုလ်ချုပ်ဈေး)

မြင်းခြံမြို့နေ (ဦးမောင်လေး–ဒေါ်သန်း)တို့၏ သား၊ (ဦးဘသိန်း–ဒေါ်ခင်ဆွေစစ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၀) ရပ်ကွက်၊ အမှတ်(၁၅၁)၊ (၃၂၀ လမ်းနေ (ဒေါ်ခင်မျိုးညွှန့်)၏ ခင်ပွန်း၊ ဒေါ်ဝေမွန်သောင်း(ပထဝီဝင်ဌာန၊ မြိတ်တက္ကသိုလ်)၊ကိုရဲမြင့်ဝင်း–မစန္ဒီသောင်း၊ ကိုသီဟသောင်းတင်–မတင်အိအိချိုတို့၏ ဖခင်သည် ၃၀–၇–၂၀၀၃ရက်တွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃(သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချစ်ဝေ(ကျော်ဇန်)
အသက်(၅၄)နှစ်
ဒုတိယမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း

မော်လမြိုင်ကျွန်းမြို့နယ်၊ ကျော်ဖုံရွာ၊ ဈေးပိုင်းရပ်နေ ဦးထွန်းကျင်–ဒေါ်စိန်မေတို့၏ သားကြီး၊ ကိုချစ်ဆွေ၊ ကိုမြင့်ဝင်း၊ မစန်းစန်းဆွေတို့၏ အစ်ကိုကြီး၊ ဒေါ်ဝေဝေလွင်(အထက–၁၊ သာစည်)၏ ချစ်လှစွာသော ခင်ပွန်း၊ မကေခိုင်ချစ်ဝေ၊ မကေသွယ်ချစ်ဝေ၊ မောင်ဇင်ယော်ချစ်ဝေ၊ မောင်ဖြိုးချစ်ဝေတို့၏ မွေးသဖခင်သည် ၂၈–၇–၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁–၈–၂၀၀၃ရက်တွင် ကျော်ဖုံရွာ စွယ်တော်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ကြီး၏ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြွနိမ့်မြင့်ကွာဟမှု အနည်းဆုံးဖြင့် ဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးလျက်ရှိ ဒေသခံပြည်သူများ၊ ဒေသတာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၊ တပ်မတော်သားများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုပေါ် မူတည်၍ ဒေသဖွံ့ဖြိုးတိုးတက်လာမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မအူပင်ခရိုင် ပြည်သူ့ဆေးရုံကြီးဝင်း အတွင်းရှိ တည်ဆောက်နေဆဲ အထွေထွေရောဂါကု ဆေးရုံ အဆောက်အအုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၃၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၂၉ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း မအူပင်မြို့သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တာဝန်ရှိသူများက မအူပင်မြို့မှ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့ရှိ ရွှေဘုန်းမြင့် စေတီတော်သို့သွားရောက်ကြပြီး စေတီတော်၏ ဂန္ဓကုဋိတိုက်၌ ကျင်းပသည့် မအူပင်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်များအား ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေဘုန်းမြင့်စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ၊ ဓမ္မာရုံ ရွှေကျင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အနုမိဝရ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရ နည်းပညာ ကောလိပ်

ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ အစိုးရ နည်းပညာ ကောလိပ်ကို တွေ့ရစဉ်။

(သတင်းစဉ်)